မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၈ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၇)

မြန်မာနှင့် ဗီယက်နမ် သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်

နှစ်နိုင်ငံအကြား မိတ်ဆွေရင်းချာ ချစ်ကြည်ရင်းနှီးမှုကို အစဉ်အလာမပျက် ထိန်းသိမ်းခဲ့ ယခုထောင်စုနှစ်သစ်အတွင်း စိန်ခေါ်မှုများအား ပူးပေါင်းဆောင်ရွက်မှုဖြင့် လက်တွဲဖြေရှင်း နှစ်နိုင်ငံသာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ရန်ကုန် မေ ၂၈

၂၀၀၅ ခုနှစ် မေလ ၂၈ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား အောက်ဖော်ပြပါသဝဏ်လွှာများကို အပြန်အလှန် ပေးပို့ခဲ့ကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ–

အဆွေတော်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ် (၃၀)ပြည့်မြောက်သည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ရက်မြတ်အခါသမယတွင် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူအပေါင်းထံသို့လည်းကောင်း လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

အဆွေတော် သိရှိထားသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့သည် ၁၉၇၅ ခုနှစ် သံတမန်ဆက်သွယ်မှု စတင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား မိတ်ဆွေရင်းချာ ချစ်ကြည်ရင်းနှီးမှုကို အစဉ်အလာမပျက် ထိန်းသိမ်းခဲ့ကြပါသည်။ ယင်းသို့ နှစ်ပေါင်း(၃၀)ကြာ ရင်းနှီးခင်မင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးအား ပိုမိုခိုင်မာတိုးတက်စေခဲ့ပါသည်။

ယခုထောင်စုနှစ်သစ်အတွင်းတွင် ကျွန်ုပ်တို့နှစ်နိုင်ငံအနေဖြင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများစွာရှိနေပါသည်။ ထိုသို့အတူတကွ ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအား အချင်းချင်းနားလည်မှု၊ ယုံကြည်စိတ်ချမှုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုစိတ်ထားဖြင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ နိုင်ငံအများနှင့် စုပေါင်း၍ဖြစ်စေ လက်တွဲဖြေရှင်းဆောင်ရွက်သွားရန် ကျွန်ုပ်တို့ အလေးအနက် ဆန္ဒပြုပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံအတွက်သာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို နှစ်နိုင်ငံပူးပေါင်း အားထုတ်မှုက အထောက်အကူဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်အပြည့်အဝယုံကြည်ပါသည်။

ဤအခါသမယတွင် အဆွေတော်ကျန်းမာစေရန်နှင့် အောင်မြင်စေရန်အတွက်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်သူအပေါင်း တိုးတက်သာယာဝပြောစေရန် အတွက်လည်းကောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။ ။

မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာ အထူးကောင်းမွန်သည့် နှစ်နိုင်ငံဆက်ဆံရေးကို အနာဂတ်ကာလ၌ ပိုမိုမြှင့်တင် နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွားအတွက် များစွာအကျိုးပြုနိုင်မည်ဟု ခိုင်မာစွာယုံကြည်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရန်ဒွတ်လွန်

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာထရန်ဒွတ်လွန်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပေးပို့သည့်သဝဏ်လွှာ–

အဆွေတော်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ဗီယက်နမ်အစိုးရအနေဖြင့် လည်းကောင်း၊ ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်ထံသို့ ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။ ***ကျော်ဖုံးသို့*** ✡

နိုင်ငံတော်ပွင့်လင်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၂၈ ရက်)

ကောင်းမြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်း နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက် ဝိုင်းဝန်းကာကွယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ထားလျက် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည်လည်း ပါဝင်ဆောင်ရွက် လျက်ရှိသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိစွာ ပါဝင်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်သွားရန်ဟူသော ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော် ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူပေါင်းပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ၁၉၇၂ခုနှစ် ဒီဇင်ဘာလ ၂၂ရက်နေ့တွင် ဗဟိုဖြစ်မြောက်ရေးအဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၃ခုနှစ် စက်တင်ဘာလ ၂၆ရက်နေ့တွင် ဗဟိုစည်းရုံးရေးကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၈၉ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အဆင့်ဆင့်ကို ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်နိုင်ရေး၊ ကျစ်လျစ်ခိုင်မာရေး၊ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများတွင် အင်တိုက်အားတိုက် ပါဝင်ရေး၊ တပ်မတော်၏ အရန်အင်အားစုအဖြစ် တည်ဆောက်ရေးတို့အတွက် ၁၉၉၈ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ကျစ်လျစ်ခိုင်မာသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာခဲ့ရာ စစ်မှုထမ်းဟောင်းအဖွဲ့အကြို ညီလာခံ (၂၀၀၅) အစည်းအဝေးများကို ပြည်နယ်၊ တိုင်းအသီးသီးတွင် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ကျင်းပလျက်ရှိသည်။

အဆိုပါ အစည်းအဝေးများတွင် လုပ်ငန်းကဏ္ဍကြီး (၅)ရပ်ဖြစ်သည့် အမျိုးသားနိုင်ငံရေးကဏ္ဍ၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍအသီးသီးတို့ကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းတင်ပြပြီး သဘောတူညီချက်များ ရယူခဲ့ကြသည်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ကာကွယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ စွန့်လွှတ်အနစ်နာခံသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ် စသည့်ကောင်းမြတ်သော အစဉ်အလာများရှိပြီးကြသူများ ဖြစ်ကြသည်။

ထို့ကြောင့် အဆိုပါကောင်းမြတ်သော အစဉ်အလာများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအကြား ဆက်လက်ပြန့်ပွားစေလျက် နောင်လာနောက်သားများ စံနမူနာကောင်းများ လက်ဆင့်ကမ်းနိုင်ရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အပေါ် တိုင်းရင်းသားပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ချစ်ခင်ရင်းနှီးမှု တိုးပွားစေရေးအတွက် အလေးထားဖော်ဆောင်ကြရန် ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်၏အရန်အင်အားစုဖြစ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက် ဝိုင်းဝန်းကာကွယ်သွားကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



လုပ်ငန်းဆိုင်ရာပညာပေးနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်းများဆင်းပွဲ စက်မှု(၁)ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၇

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၀၅) နှင့် ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၅) သင်တန်းများဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးက လုပ်ငန်းဆိုင်ရာပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၀၅)တွင် ထူးချွန်စွာ အောင်မြင်ကြသူများနှင့် ရုံးလုပ်ငန်း ဆိုင်ရာ ကွန်ပျူတာမွမ်း မံသင်တန်း အမှတ်စဉ် (၁/၂၀၀၅)တွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်း ဆင်းလက်မှတ်များကို သင်တန်း ခေါင်းဆောင်များသို့ ပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်ရုံမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မစာပေဆောင်းပါးပြိုင်ပွဲ စာမူပေးပို့ရမည့်ရက်တိုးမြှင့်

ရန်ကုန် မေ ၂၇

မဟာဗောဓိမြိုင် ဆရာတော်ကြီးအားအမှူးထား၍ ဗောဓိမြိုင် ဓမ္မရသစာစု ဖြစ်မြောက်ရေးအဖွဲ့က" နေကွန္တမ္မပါရမီဟူသည်"ခေါင်းစဉ်ဖြင့် စီစဉ် ကျင်းပသည့် ဓမ္မစာပေဆောင်းပါးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူများကို ဖိတ်ခေါ်လျက်ရှိသည်။

ပြိုင်ပွဲဆိုင်ရာ အချက်အလက်များကို ဇွန်လဆန်းတွင်ထုတ်ဝေမည့် ဗောဓိမြိုင် ဓမ္မရသစာစု(၄)တွင် ထပ်မံဖော်ပြထားကြောင်းနှင့် စာပေပညာရှင်များ ပိုမို ကျယ်ပြန့်စွာ ပါဝင်ရေးသားနိုင်ရေးအတွက် စာမူပေးပို့ရမည့်နောက်ဆုံးရက်ကို မေ ၃၁ ရက်အစားလာမည့် ဇွန်၃၀ရက်သို့ ပြောင်းရွှေ့သတ်မှတ်ပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၅-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သုညတဆိုက်အောင်ရှုပါ"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Solar Energy and Temperature (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"၂၄ နာရီ"** (အပိုင်း-၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၂၇)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ကွယ်လွန်သူ ဖခင်ဦးချမ်းမြ-မိခင်ဒေါ်သောင်းရင်တို့အား ရည်စူး၍ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ်(၃၃၈)နေ ဦးကြီးမြင့်-ဒေါ်သန်းစိန် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံစဉ်။ (က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ယဉ်ကျေးလိမ္မာမျိုးမြန်မာစာအုပ်များလှူဒါန်းပွဲနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများက လူနာများအတွက် ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ယဉ်ကျေးလိမ္မာမျိုးမြန်မာစာအုပ်များ လှူဒါန်းပွဲနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများက မေ ၇ ရက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံများ၌ ဆေးကုသမှုခံယူနေသော လူနာများအတွက် ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများ တက်ရောက်ကြသည်။

အခြေခံအုတ်မြစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးလိမ္မာမျိုးမြန်မာ စာအုပ်များကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ယဉ်ကျေးလိမ္မာမျိုးမြန်မာစာအုပ်များသည် ယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော လိုက်နာဖွယ်ရာများ၊ ဆောင်ရန်၊ ရှောင်ရန်များကို သုတေသီများ၊ ပညာရှင်များက ပြုစု စုစည်းထုတ်ဝေထားသည့် စာအုပ်များဖြစ်ကြောင်း၊ အထူးတန်ဖိုးရှိသော စာအုပ်များဖြစ်သဖြင့် သေချာစွာထိန်းသိမ်း၍ ယဉ်ကျေးမှုအမွေများကို ဖြန့်ဝေပေးကြစေလိုကြောင်း၊ ဤစာအုပ်များကို ဖတ်ရှုခြင်းအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများရရှိနိုင်မည်ဖြစ်၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးလိမ္မာ မျိုးမြန်မာ စာအုပ်များကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကများက မေ ၇ ရက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံများ၌ ဆေးကုသမှုခံယူနေသောလူနာများအတွက် အလှူငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးလိမ္မာ မျိုးမြန်မာ စာအုပ်များကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လက်ခံ

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများက ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံများတွင် ဆေးကုသမှု ခံယူနေသော လူနာများအတွက် အလှူငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးရုံများသို့ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့များသည် မသမာသူအဖျက်သမား၏ ရက်စက်ယုတ်မာမှုကြောင့် ဗုံးပေါက်ကွဲရာတွင် ဒဏ်ရာရရှိကြသော လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် အုပ်စုလေးစုခွဲ၍ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်၊တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ပေးအပ်လှူဒါန်းသော အလှူငွေကို ပေးအပ်လှူဒါန်းသည်။

ယင်းသို့ပေးလှူရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးပစ္စည်းများအတွက် လှူဒါန်းငွေကျပ် လေးသိန်း၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ အလှူငွေကျပ်နှစ်သိန်း၊ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး (မြောက်ဥက္ကလာပ)သို့ အလှူငွေကျပ်နှစ်သိန်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေကျပ်နှစ်သိန်းနှင့် လူနာ ၄၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၅–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၀၅ ၇။ တေးဂီတအစီအစဉ်
၈း၁၅ ၈။ ရွှေလောင်းတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဇောရဝိန္ဒာနှင့် မိစ္ဆာခွင်းဓား”** (အပိုင်း–၆)
၁၃း၀၅ ၇။ ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ (ပဲခူးတိုင်း)
၁၃း၂၀ ၈။ **“ရှင်နှောင်း ကျောင်းရောက်ပြီ”** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း ဒါရိုက်တာ–ခင်ဇော်(ကေသီပန်)
၁၃း၅၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄း၀၅ ၁၀။ **“ပိုင်နိုင်ခိုင်မြဲအောင်”** အကယ်ဒမီ ထွန်းထွန်းဝင်း၊ ခန့်စည်သူ၊ မျိုးစန္ဒီကျော်၊ ခင်မို့မို့အေး၊ ထင်ပေါ်၊ သူသူဟံသာ၊ ငွေစင်သွန်း (ဒါရိုက်တာ–သက်တင်)
၁၄း၃၅ ၁၁။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီတံတား(ဒေးဒရဲ)
၁၄း၄၅ ၁၂။ International News

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၁၇း၁၅ ၆။ နားဝင်ပီယံ သူ့လက်သံ
၁၇း၂၅ ၇။ အကပဒေသာ
၁၇း၄၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈း၁၅ ၉။ တေးဂီတအစီအစဉ်
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ Discovery
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ”** (အပိုင်း–၂၅)
၁၉း၃၅ ၁၄။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်သံသရာ”(အပိုင်း–၄၄)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ လှူဒါန်းငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး(မြောက်ဥက္ကလာပ)သို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နှစ်ဆန်းကားများ

ဂျပန်နိုင်ငံ နှစ်ဆန်းကုမ္ပဏီမှ ထုတ်လုပ်သော နှစ်ဆန်းကားများ ပြည်ပသို့ တင်ပို့ရန် သင်္ဘောပေါ်သို့မတင်မီ ယိုကိုဟားမားဆိပ်ကမ်းတွင် မေ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝေရက်တောင်ထိပ်သန့်ရှင်းရေးဆောင်ရွက်ရန် အဖွဲ့ဝင် ၁၀၀နီးပါးရှိ တရုတ်အဖွဲ့ ထွက်ခွာ

ပေကျင်း မေ ၂၆

ဧဝရက်တောင်ထိပ်သို့ တရုတ်တောင်တက်အဖွဲ့ အောင်မြင်စွာတက်ရောက်မှုကို အားတက်ကာ တရုတ်တောင်တက်နှင့် ပတ်ဝန်းကျင်ကာကွယ်ရေး စေတနာ့ဝန်ထမ်း ၁၀၀နီးပါးပါဝင်သော အဖွဲ့တစ်ဖွဲ့က ဧဝရက်တောင်၏ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၅၁၂၀မှ မီတာ၈၀၀၀အတွင်း သန့်ရှင်းရေးလုပ်ရန် လာဆာမြို့တော်မှ မေ ၂၃ရက်နေ့တွင် ထွက်ခွာသွားသည်။

အဆိုပါအဖွဲ့သည် မေ၂၉ရက်တွင် အမှိုက်များရှင်းလင်းပြီး ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဖြစ်သည့် ဇွန် ၅ရက်နေ့တွင် တိဘက်ဒေသရှိ လာဆာမြို့သို့အရောက် ထိုအမှိုက်များ ပို့မည်ဖြစ်သည်။

ဧဝရက်တောင်ကို နှစ်စဉ်တက်ရောက် ရှင်းလင်းရေး အပါအဝင် ၂၀၀၄ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ငါးနှစ်ကြာ သန့်ရှင်းရေး ဆောင်ရွက်ရန် စီစဉ်ထားသည်။ လွန်ခဲ့သည့် နွေရာသီက တိဘက်တောင်တက်သမားများနှင့် စေတနာ့ဝန်ထမ်း ၂၄ယောက်တို့သည် စီမံကိန်း၏ ပထမဆင့်ဖြစ်သော အမြင့်မီတာ ၅၁၂၀မှ မီတာ၆၅၀၀အထိ အမှိုက်များ ရှင်းလင်းခဲ့သည်။

စွန့်ပစ်

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ပေါ်တွင် ၁၉၂၁ခုနှစ်မှစ၍ တောင်တက်သမားများနှင့် ရှုခင်းအလှပသာဒခံစားလိုသူများ စွန့်ပစ်ခဲ့သော အမှိုက်သရိုက်ပေါင်း တန်ချိန် ၆၀၀ခန့် ပုံ့နှံ့နေသည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

ကမ္ဘာ့ငြိမ်းချမ်းရေး အိန္ဒိယနှင့်ရုရှား ပူးတွဲတာဝန်ယူထိန်းသိမ်းရန် အိန္ဒိယသမ္မတ အဗ္ဗဒူကာလမ် တိုက်တွန်းပြောကြား

မော်စကို မေ ၂၅

တစ်ကမ္ဘာလုံး လွှမ်းခြုံဆက်စပ်မှုကြီးထွားလာသည့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုတို့မှာ တစ်ခုနှင့်တစ်ခု ခွဲခြားမရဟူ၍ မှတ်ချက်ချလျက် အိန္ဒိယသမ္မတ ဓေပီဂျေအဗ္ဗဒူကာလမ်က ကမ္ဘာ့ငြိမ်းချမ်းရေးကို အိန္ဒိယနှင့်ရုရှားတို့အနေဖြင့် ပူးတွဲတာဝန်ယူထိန်းသိမ်းရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း မော်စကို၌ မေ ၂၄ရက်က ပြောကြားလိုက်သည်။

ရုရှားသမ္မတပူတင်က ၎င်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် အိန္ဒိယသမ္မတ အဗ္ဗဒူကာလမ်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

ညစာစားပွဲတော် အိန္ဒိယသမ္မတ ကာလမ်က ဆက်လက်ပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံ၏ မဟာဗျူဟာမြောက် ဆက်ဆံရေးက မိမိတို့၏ ရေရှည် အမျိုးသားအကျိုးစီးပွားများကို ဖြည့်ဆည်းပေးကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာနက်ရှိုင်းရေးမှာ မိမိတို့နှစ်နိုင်ငံစလုံး၏ ရည်မှန်းချက်ဖြစ်ကြောင်း၊ ၂၁ရာစုနှစ်က စိန်ခေါ်မှုအသစ်များကို ဖန်တီးလာကြောင်း၊ တစ်ကမ္ဘာလုံး လွှမ်းခြုံဆက်စပ်မှု ကြီးထွားလာသည့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုတို့မှာ တစ်ခုနှင့်တစ်ခု ခွဲခြားမရသည့် အရာများဖြစ်ကြောင်း အိန္ဒိယ-ရုရှား ဖက်စပ်လက်တွဲမှုက နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို များစွာ အထောက် အကူပြုကြောင်း။

မိမိတို့၏စီးပွားရေး ကြွယ်ဝချမ်းသာမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့မှာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပူးတွဲသုတေသနပြုမှုတို့တွင် ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်မှုပေါ်တွင် မူတည်ကြောင်း။

နျူကလီးယားစွမ်းအင်၊ အာကာသနှင့် အခြားသော သိပ္ပံနယ်ပယ်များတွင် ငြိမ်းချမ်းစွာ အသုံးချမှုတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းက သဘာဝအပေါ် လူသားတို့ကို ပိုမိုနားလည်မှုနှင့် တကွသန်းပေါင်းများစွာသော ပြည်သူများ ပိုမိုတိုးတက်မြင့်မားလာစေသည့် နည်းပညာများ ပိုင်ဆိုင်ရယူရေးကို ဦးတည်လာမည်ဟု မိမိတို့ ယုံကြည်ကြောင်း။

ယုံကြည်

မိမိတို့နှစ်နိုင်ငံ ဆက်လက်၍ အတူတကွ လက်တွဲလုပ်ဆောင်ပြီး၊ အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုတို့ကို ဆင့်ကဲမြှင့်တင်နိုင်မည်ဟု မိမိယုံကြည်ကြောင်း အိန္ဒိယသမ္မတ ကာလမ်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ပီတီအိုင်

နီပေါနှင့်ဘင်္ဂလားဒေ့ရှ် လေကြောင်းပျံသန်းရေး တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီ

ခတ္တမန္ဒူ မေ ၂၄

နှစ်နိုင်ငံအစိုးရများအနေဖြင့် နှစ်ရက်ကြာတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီးနောက် နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အလုံးစုံသော လေကြောင်းပျံသန်းမှုများပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ရာ လေကြောင်းဝန်ဆောင်သဘောတူညီချက်(အေအက်စ်အေ)ကို မေ ၂၃ ရက်က နှစ်နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်အရ နီပေါနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံရှိ ပုဂ္ဂလိက လေကြောင်းလိုင်းများအနေဖြင့် နှစ်နိုင်ငံအကြား တရားဝင်လေကြောင်း ပျံသန်းနိုင်ခွင့်ကို ရရှိကြပြီဖြစ်ကြောင်း နီပေါနိုင်ငံယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဆိုင်ရာ ဝန်ကြီးဌာနက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ခတ္တမန္ဒူ-ဒါကာလေကြောင်း ပျံသန်းမှုအနေဖြင့် ယခုအခါ သီတင်းတစ်ပတ်လျှင် ခရီးသည် ၃၅၀၀ ရှိနေရာမှ နှစ်စဉ် ခရီးသည် ၇၀၀ ထပ်မံတိုးတက်လာမည်ဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ခရီးသည် ၇၀၀၀ အထိရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အထူးလေယာဉ်ပျံသန်းမှုအဖြစ် ခတ္တမန္ဒူနှင့် ဒါကာအကြား ကုန်တန်ချိန် ၂၅၀တန် တင်ဆောင်ပျံသန်းမည့် ကုန်တင်လေယာဉ်များကိုလည်း သီတင်း အပတ်စဉ် ပျံသန်းစေမည်ဖြစ်သည်။

နီပေါ လေကြောင်းလိုင်းများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အခြေစိုက် ချီတာဂွန်လေဆိပ်သို့လည်း ပျံသန်းနိုင်ရန် ခွင့်ပြုထားသကဲ့သို့ ဘင်္ဂလားဒေ့ရှ် လေကြောင်းလိုင်းများသည်လည်း နီပေါရှိ အခြားနိုင်ငံတကာ လေဆိပ်များသို့ ပျံသန်းခွင့် ရမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ခုနှစ် မေ ၂၆ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၆၅၂ဦးရှိပြီ

ဝါရှင်တန် မေ ၂၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ် ၂၀ ရက်မှစတင်၍ ၂၀၀၅ခုနှစ် မေ ၂၆ရက်အထိ အီရတ်၌ တိုက်ခိုက်ခံရမှုနှင့် အခြားဖြစ်ရပ်များကြောင့် အမေရိကန် တပ်ဖွဲ့ဝင် သေဆုံးရမှုစုစုပေါင်း ၁၆၅၂ဦး ရှိသွားပြီဖြစ်သည်။

ထိုသို့သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင် ၁၂၆၃ဦးမှာ အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့အပြင် အမေရိကန်၏အပေါင်းပါတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ကြရာ ၂၀၀၅ခုနှစ် မေ ၂၅ရက်အထိ ဗြိတိသျှတပ်ဖွဲ့ဝင် ၈၈ဦး၊ အီတလီ ၂၁ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ၁၀ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ နယ်သာလန်နှင့် အခြားတပ်ဖွဲ့ဝင်နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်ကစ္စတန်နှင့် လစ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

အမေရိကန်သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ ရက်တွင် အီရတ်၌အဓိက တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု ကြေညာခဲ့ပြီးနောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၅၁၄ သေဆုံးခဲ့ရပြီး ယင်းကဲ့သို့ သေဆုံးခဲ့ရသည် အမေရိကန် တပ်ဖွဲ့ဝင်များအနက် ၁၁၅၄ဦးမှာ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

(အင်တာနက်)

ဒေသတွင်းလုံခြုံရေး အာမခံချက်ပေးနိုင်ရန် ရာရွှန်နှင့် အဘတ်စ်တို့ သဘောတူညီ

ဝါရှင်တန် မေ ၂၅

အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရာရွှန်သည် ဒေသတွင်းလုံခြုံရေးအတွက် အာမခံပေးနိုင်ရန် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု မေ ၂၄ ရက်က ကတိပြု ပြောဆိုခဲ့သည်။

မိမိတို့သည် မည်သည့်အခါကမျှ မလုပ်ခဲ့ဖူးသေးသော သဘောတူညီချက်တစ်ရပ်ကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ ယခုနှင့် အနာဂတ်တွင် မိမိတို့၏ လုံခြုံရေးကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း ညီလာခံတစ်ရပ်တွင် ပြောကြားသည်။

ပြောကြား

မိမိတို့သည် ခေါင်းဆောင် အဘတ်စ်ကို ရွေးချယ်ရာတွင် အခွင့်အလမ်းများစွာ တွေ့ရှိခဲ့ကြောင်း၊ ပါလက်စတိုင်း ပြည်သူတို့အား ဦးဆောင်မှုပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အကြမ်းဖက်အဖွဲ့များအားလည်း ဖြိုခွင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ရာရွှန်က ပြောကြားသည်။

ဆန္ဒရှိ

အစ္စရေးအနေဖြင့် ယင်းအခွင့်အလမ်းများကို မဆုံးရှုံးစေလိုကြောင်း၊ လုံခြုံရေး အာမခံရှိရေး အတွက် အဘတ်စ်ကို ကူညီပေးရန် ဆန္ဒရှိကြောင်း ရာရွှန်က ပြောကြားသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သည် ဇူလိုင် ၁၇ ရက်တွင် ဥပဒေပြု ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပျက်စီး

ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ကားကို မေ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ အုပ်ချုပ်ရေးစနစ် ပြန်လည်ဆန်းသစ်တီထွင်ရေး ကြိုးပမ်းလျက်ရှိ

ဆိုးလ် မေ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အုပ်ချုပ်ရေးစနစ် ပြန်လည်ဆန်းသစ်တီထွင်ရေးကို ကြိုးပမ်းအားထုတ်လျက်ရှိပြီး ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒ လုပ်ငန်းစဉ်တွင် ပိုမိုတိုးတက်ထိရောက်မှုရှိအောင် ဆောင်ရွက်နေကြောင်းဖြင့် တရုတ်နိုင်ငံတော်ကောင်စီဝင် ဟွကျန်မင်းက မေ ၂၄ ရက်နေ့တွင် ပြောကြားလိုက်သည်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပသည့် အုပ်ချုပ်ရေးစနစ် ပြန်လည်ဆန်းသစ်တီထွင်ရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဖိုရမ် ပထမ အစည်းအဝေးတွင် တရုတ်နိုင်ငံတော်ကောင်စီဝင် ဟွကျန်မင်းက မေ ၂၄ ရက်နေ့တွင် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

တရုတ်ပြည်သည် ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒကို ၁၉၇၀ပြည့် လွန်နှစ်များ နှောင်းပိုင်းတွင် စတင်ကတည်းက လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းဝင် အခါသမယတစ်ခုကို ကြုံတွေ့ဖြတ်သန်းခဲ့ကြောင်း၊ စီးပွားရေးအနေဖြင့် ဈေးကွက်စီးပွားရေးကို ပိုမိုဦးစားပေးခဲ့ပြီး အုပ်ချုပ်ပုံစနစ်မှာ အပြုသဘော ဦးတည် ပြောင်းလဲလျက်ရှိကြောင်း ဟွကျန်မင်းက ပြောကြားသည်။

စီးပွားရေးနှင့် နိုင်ငံရေး ပြန်လည်ဖွဲ့စည်းရေးအတွက် တရားရေးစနစ်နှင့် ဒီမိုကရေစီ တည်ဆောက်ရေးကြိုးပမ်းရာတွင် အုပ်ချုပ်ရေးစနစ် ပြန်လည်ဆန်းသစ်တီထွင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တရုတ်ပြည်က သဘောထားကြောင်း ၎င်းကပြောကြားသည်။

အုပ်ချုပ်ရေးစနစ် ပြန်လည်ဆန်းသစ်တီထွင်မှုက ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးဖွံ့ဖြိုးမှုနှင့် တရုတ်ပြည်၏ ခေတ်မီရေးပြုပြင်ပြောင်းလဲမှုကို ဖြစ်ထွန်း တိုးတက်စေကြောင်း တကယ်ဖြစ်ရပ်များက သက်သေပြခဲ့ပြီဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာ စိန်ရောင်းဝယ်ရေး ဗဟိုဌာန အိန္ဒိယနိုင်ငံ၌ တည်ထောင်မည်

မွန်ဘိုင်း မေ ၂၅

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း နိုင်ငံတကာစိန်ရောင်းဝယ်ရေးဗဟိုဌာနကို တည်ထောင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယစိန်တွင်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးရန် စိတ်အားထက်သန်နေကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးကာမဲလ်နက်သ်က မေ ၂၄ ရက်တွင် ပြောကြားသည်။

ကြိုးပမ်း

မိမိ၏ဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံစက်မှုဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိန်အကြမ်းများ အများဆုံးရောင်းဝယ်ဖောက်ကားနိုင်ရန် ထည့်သွင်းစဉ်းစားလျက် နိုင်ငံတကာစိန်ရောင်းဝယ်ရေးဗဟိုဌာနတစ်ခုကို တည်ထောင်ရန် လုပ်ကိုင် ဆောင်ရွက်နေကြောင်း၊ အိန္ဒိယသည် ဘယ်လ်ဂျီယံ၊ အစ္စရေး၊ ဒူဘိုင်းတို့နှင့်အတူ စိန်ရောင်းဝယ်ရေးဌာနတစ်ခုမရှိသည်ကို မပြနိုင်ကြောင်း မွန်ဘိုင်း၌ ပြုလုပ်သောစိန်ကွန်ဖရင့်တွင် ၎င်းကပြောကြားသည်။

အလေးပေး

အဆိုပါ စိန်ရောင်းဝယ်ရေးဌာနသည် နိုင်ငံတကာစိန်ဖလှယ်ရာတွင် ထောက်ကူပေးလိမ့်မည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ယင်းကိုတည်ထောင်မည်ဖြစ်ကြောင်း၊ အိန္ဒိယစိန်လုပ်ငန်းရှင်များနှင့် ပြည်ပစီးပွားရေးသမားများအား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့်ဖက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် အားပေးမည်ဖြစ်ကြောင်း ဝန်ကြီးနက်သ်ကပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေး အာရှတွင် လျင်မြန်စွာတိုးတက်

ရှန်ဟိုင်း မေ ၂၆

အာရှတိုက်သည် ကမ္ဘာတွင် သင်္ဘောဖြင့်ကုန်စည်ပို့ဆောင်မှု၌ လျင်မြန်စွာ တိုးတက်လာကြောင်း (၂၄) ကြိမ်မြောက် ကမ္ဘာ့ဆိပ်ကမ်းညီလာခံ တက်ရောက်သူများက ပြောကြားကြသည်။ (၂၄) ကြိမ်မြောက် ကမ္ဘာ့ဆိပ်ကမ်းညီလာခံကို ရှန်ဟိုင်း၌ ကျင်းပလျက်ရှိသည်။

တောင်းဆို

တစ်ကမ္ဘာလုံးအကျုံးဝင်မှုခေတ်တွင် ကမ္ဘာ့စီးပွားရေးနှင့်ကုန်သွယ်ရေးလှုပ်ရှားမှုများအလယ်၌ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုပေးရန်တောင်းဆိုချက် ရုတ်တရက် ပေါ်ပေါက်လာကြောင်း တရုတ်ပို့ဆောင်ရေးကုမ္ပဏီကြီးဖြစ်သော ကော့စ်ကို ဥက္ကဋ္ဌဝီကျီဖူက ပြောကြားသည်။

ပြောကြား

လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခု၌ အာရှသည် ကုန်ကြမ်းပစ္စည်းပို့သော ဒေသတစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်ရေး စက်ရုံဖြစ်လာကြောင်း၊ ကုန်ပစ္စည်း ထုတ်လုပ်ရေးအတွက် ကမ္ဘာ့အခြား ဒေသများမှ ကုန်ကြမ်းပစ္စည်းများကို အများအပြားတင်သွင်းခဲ့ပြီး ကုန်ချော ပစ္စည်းများကို ကမ္ဘာအနှံ့သို့ တင်ပို့ခဲ့ကြောင်း ဝီကျီဖူကပြောကြားသည်။

ယူဆ

အာရှတိုက်သည် ကမ္ဘာ့ကုန် သွယ်မှု၌ ဝေပုံကျတိုးတက်မှုရှိခဲ့ရာ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေး ကဏ္ဍသည် လျင်မြန်စွာကျယ်ပြန့်ခဲ့ကြောင်း ကော့စ်ကို အရာရှိက ပြောကြားသည်။ ယခုအခါ အာရှတိုက်သည် ကမ္ဘာ့သင်္ဘောကုန်စည် ပို့ဆောင်ရေးလုပ်ငန်းကို ကြီးစိုးထားသည့် အနေအထားရှိကြောင်း ၎င်းက ယုံကြည်ယူဆထားသည်။

ထိန်းချုပ်

နောက်ဆုံးထုတ်ပြန်သည့် စာရင်းဇယားများတွင် ကမ္ဘာ့ထိပ်တန်း ကုန်သေတ္တာပို့ဆောင်ရေးကုမ္ပဏီကြီး ၂၀ တွင် ၁၃ ခုမှာ အာရှမှဖြစ်ပြီး ကမ္ဘာ့စုစုပေါင်းကုန်သေတ္တာ ပို့ဆောင်ရေး၏ ၇၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားကြောင်း ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် မြို့တော်ဖြစ်လာသော ရှန်ဟိုင်းမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် အလုပ်သမားများ အလုပ်လုပ်နေကြသည်ကို မေ ၂၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြား အာမခံလုပ်ငန်း ကုမ္ပဏီများ တရုတ်ဈေးကွက်၌ လုပ်ငန်းစတင် ဆောင်ရွက်

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံတွင် နိုင်ငံခြား အာမခံလုပ်ငန်းကုမ္ပဏီ၃၇ခုက လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး နောက်ထပ်ကုမ္ပဏီ သုံးခုက လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း တရုတ်အာမခံလုပ်ငန်း ထိန်းသိမ်းရေးကော်မရှင် (စီအိုင်အာစီ)ဥက္ကဋ္ဌ ဝူတင်ဖူးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အာမခံလုပ်ငန်း ဈေးကွက်သည် ယခုအခါ နိုင်ငံပြင်ပအထိ ကျယ်ပြန့်လျက်ရှိကြောင်း တနင်္လာနေ့က ကျင်းပသည့် အာမခံလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဖိုရမ်တစ်ခုတွင် မစ္စတာဝူက ပြောကြားသည်။

ထူထောင်

၂၀၀၃ခုနှစ်အတွင်း ထိပ်တန်း ကုမ္ပဏီ ၅၀၀အနက် အအောင်မြင်ဆုံးလုပ်ငန်းကော်မတီ ၄၆ခုတွင် ပါဝင်သော ကုမ္ပဏီ ၂၇ခုသည် တရုတ်နိုင်ငံ၌ ၎င်းတို့၏လုပ်ငန်းခွဲများ ထူထောင်ထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် အာမခံ လုပ်ငန်းကုမ္ပဏီ ၆၉ခုရှိပြီး ၎င်းတို့ အနက် တစ်ဝက်ကျော်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများဖြစ်ကြောင်း မစ္စတာဝူက ပြောကြားသည်။

တရုတ်နိုင်ငံ၏ အာမခံလုပ်ငန်း ကြီးထွားမှုနှုန်းသည် နှစ်စဉ် ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး ယင်းမှာ တရုတ်နိုင်ငံ၌ အမြန်ဆုံးကြီးထွားလာသည့် လုပ်ငန်းများအနက် တစ်ခုဖြစ်လာကြောင်း စီအိုင်အာစီ၏ စာရင်းဇယားများတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စစ်ဆေး

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စစ်ဆေးကြည့်ရှုနေသည်ကို မေ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အနောက်ပိုင်း ဟာဒီသာမြို့၌ ကန်တပ်ဖွဲ့ဝင်များ ရှာဖွေရေးဆောင်ရွက်

ဘဂ္ဂဒက် မေ ၂၆

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင် ၁၀၀၀ခန့်သည် အီရတ်နိုင်ငံအနောက်ပိုင်းရှိ ဟာဒီသာမြို့၌ ဗုဒ္ဓဟူးနေ့က အိမ်များကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြပြီး မသင်္ကာသူများကို ဖမ်းဆီးခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံအနောက်ပိုင်း၌ ခုခံတိုက်ခိုက်နေသူများအား နှိမ်နင်းလျက်ရှိရာ ယခုလအတွင်း၌ အဆိုပါရှာဖွေရေးစစ်ဆင်မှုသည် ဒုတိယအကြိမ်ဖြစ်သည်။

ပြုလုပ်

ဂျော်ဒန်နိုင်ငံသား အဘူမူဆက်အယ်လ်ဇာကာဝီ အီရတ်နိုင်ငံအနောက်ပိုင်း၌ ပုန်းအောင်းနေကြောင်း ယူဆထားရာ စစ်သွေးကြွများရှိရာ အီရတ်အနောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေး ပြုလုပ်ခဲ့သည်။

လူဦးရေ တစ်သိန်းခန့်ရှိသည့် ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀၌ရှိသော ဟာဒီသာမြို့သည် ဆီးရီးယားနယ်စပ်အနီး၌ ရှိသည်။ **(အင်တာနက်)**

ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ(၂၀၀၅)ကျင်းပ အစီရင်ခံစာပါလုပ်ငန်းစဉ်ကြီးငါးရပ်နှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြ

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)အခမ်းအနားတွင် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၇

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ ၂၆ရက် နံနက် ၈နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့နာယက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ချစ်နိုင်(ငြိမ်း)၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းနှင့် ပြည်နယ်/ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇မြို့နယ်တို့မှ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) တွင် အခမ်းအနားမှူးအဖြစ် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်မှဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ တပ်ကြပ်ကြီးစာရေးစိုးမြင့်အောင်(ငြိမ်း) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အစည်းအဝေးသို့ ကိုယ်စားလှယ် ၃၀၀ ရှိသည့်အနက် ၃၀၀တက်ရောက်၍ ၁၀၀ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်က အမှာစကား ပြောကြားပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်က လှူဒါန်းငွေကျပ် ၂၅ သိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်လှိုင်က ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်သန်းအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ လှူဒါန်းငွေကျပ် ၂၅ သိန်းကို ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၂) ရဲမှူးကြီးဝင်းကြည်က ရခိုင် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းအား ပေးအပ်လှူဒါန်းပြီး ညီလာခံပထမပိုင်းကို ခေတ္တရပ်နားသည်။

ထို့နောက် ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ဒုတိယပိုင်းကို နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိ အဖြစ် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးအုံးသွင်(ငြိမ်း)နှင့် ဗိုလ်ကြီးအုံးလွင်(ငြိမ်း)၊ မောင်တောမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးဘမြင့်(ငြိမ်း)နှင့် စစ်တွေမြို့နယ် စစ်မှုထမ်း ဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြစိုး(ငြိမ်း)တို့က ဆောင်ရွက် ကြသည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)အစီရင်ခံစာကို တောင်ကုတ်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသိန်းစိုးနိုင်(ငြိမ်း)၊ ကျောက်ဖြူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး မောင်မြင့်(ငြိမ်း)နှင့် ဘူးသီးတောင်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးဇေယျာ(ငြိမ်း)တို့က တင်သွင်းကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး ငါးရပ်နှင့် စပ်လျဉ်း၍ ကျောက်တော်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးရဲထွေး (ငြိမ်း)က အမျိုးသား နိုင်ငံရေးကဏ္ဍ ကိုလည်းကောင်း၊ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင် ဗိုလ်ကြီး စည်သူမင်း (ငြိမ်း)က နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍကိုလည်းကောင်း၊ ရခိုင် ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးစိုးမိုးအောင်(ငြိမ်း) က စီးပွားရေးကဏ္ဍကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ် ရေးအဖွဲ့ဝင် ဗိုလ်ကြီးစိုးသူ(ငြိမ်း)က လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍကို လည်းကောင်း၊ ဂွမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယအရာခံဗိုလ် စိုးလေး(ငြိမ်း)က ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအကြိုညီလာခံ (၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

အတည်ပြုဖတ်ကြား

ဆက်လက်၍ အခမ်းအနားမှူးက ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံက ချမှတ်သည့် ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကို အတည်ပြုဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



အများသုံးရေကန်များဖြင့် ရပ်ကွက်ပြည်သူများရေသုံးစွဲနိုင်ရေး ရေပြတ်လပ်မှုမရှိအောင်၊အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်

ရန်ကုန် မေ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးကျော်၊ မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး မြို့ရေပေးရေး၊ မြို့သာယာလှပရေးနှင့် စည်ပင်သာယာရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြို့ရေပေးဝေစနစ် ဆောင်ရွက်ထားရှိမှုကို မြေပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးခင်မောင်ဌေးက မြို့ရေပေးရေး ရေဖြန့်ဝေမှုစနစ်၊ ပြင်ဦးလွင်မြို့လူထု တစ်နေ့ရေလိုအပ်ချက်၊ စည်ပင်သာယာရေးအဖွဲ့မှ ရေဖြန့်ဝေပေးနိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဦးကျော်က မြို့ရေပေးဝေရေး စနစ်တကျကောင်းမွန်စေရေး အတွက် ရပ်ကွက်အလိုက်၊ အပိုင်းအလိုက် ရေဖြန့်ဝေပေးမည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ရေဖြန့်ဝေမှုစနစ်မှန်ကန်စေရေး၊ ရေမီတာတပ်ဆင် သုံးစွဲမှုစနစ်တကျဖြစ်ရေး၊ အများသုံးရေကန်များဖြင့် ရပ်ကွက်နေပြည်သူများ ရေရယူသုံးစွဲနိုင်ရေး၊ ပြည်သူများ ရေပြတ်လပ်မှု မရှိအောင်၊ ရေအလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြို့ရေပေးရေး ဆင်လမ်းဆည်မှ ရေသွယ်ယူသည့် ၁၂ လက်မ ပိုက်လိုင်းနှင့် နောင်ခမ်းကြီးမှ ၁၀လက်မ/ ခြောက်လက်မပိုက်လိုင်းဆုံရာနေရာ၊ ပန်းခြံရေထွက် ရေတွန်းစက်ရုံနှင့် ဂါလန် ၁၆၀၀၀ဆံ့ ရေလှောင်ကန် နှစ်ကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ခရိုင်အတွင်း ပန်းအလှပင်များ၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ်လုပ်ငန်းဆိုင်ရာနှင့် ကွန်ပျူတာသင်တန်းဆင်း

ရန်ကုန် မေ ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ကြီးကြပ် ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂/၂၀၀၅)နှင့် အခြေခံကွန်ပျူတာသင်တန်းအမှတ် စဉ်(၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ ကျင်းပ ရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးဆန်းထွန်းကသင်တန်း ဆင်း အမှာစကားပြောကြားသည်။

ကြီးကြပ်ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၄ ဦးနှင့် အခြေခံ ကွန်ပျူတာသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလ မှာရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေးငွေများပေးအပ်ပွဲကို မေ ၂၇ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဦးကျော်စွာလင်းက ပညာသင်စရိတ်ငွေ ကျပ် ၈၃၅၀၀၀ ကို ဝန်ထမ်းများ ကိုယ်စား ဌာနခွဲစာရေးကြီး ဒေါ်မြင့်မြင့်သန်းသို့ ပေးအပ်စဉ်။

(ဝ၄၆)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ပြည်နယ်နှင့်တိုင်းများရှိ အမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေးပညာပေးဌာန(Counselling Centre)များတွင်တာဝန်ယူ ဆောင်ရွက်ကြမည့်သူများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေးပညာပေး(Counselling)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့်အဖွဲ့ချုပ်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့အဖွဲ့ခေါင်းဆောင်ဒေါ်ခင်အေး၊ အကြံပေးပုဂ္ဂိုလ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းအစီရင်ခံစာကို အဆောင်မှူးက ဖတ်ကြားသည်။ ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်ခင်အေးတို့က သင်တန်းသူတစ်ဦးချင်းအား သင်တန်းဆင်းလက်မှတ်များကိုချီးမြှင့်ပြီးသင်တန်းသူတစ်ဦးကကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့က လှူဒါန်းငွေ ကျပ်နှစ်သောင်းနှင့် သင်တန်းသူများက လှူဒါန်းငွေ ကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီး ဦးသန်းထွဋ်ဆွေက လက်ခံပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ပို့ချဆွေးနွေး

ယင်းနှစ်သိမ့်ဆွေးနွေးပညာပေး(Counselling)သင်တန်းကို မေ ၂၅ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသူ ၃၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းနည်းပြအဖြစ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခွဲခေါင်းဆောင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခဒေါ်ဌေးဌေးက ဦးဆောင်သင်ကြားပို့ချဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် မေ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)ဌာနေကိုယ်စားလှယ် H.E. Mr. Charles James Petrie သည် မေ ၂၆ရက် ညနေ ၃နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိလယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်တွေ့ဆုံသည်။

အလားတူ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry သည် မေ ၂၆ရက် ညနေ ၄ နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲများသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၈)ကြိမ်မြောက်ကမ္ဘာ့ကျန်းမာရေးညီလာခံတက်ရောက်ပြီး ကျန်းမာရေးဝန်ကြီးဒေါက်တာကျော်မြင့် ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ၁၆ရက်မှ ၂၅ရက်အထိကျင်းပသည့် (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့တက်ရောက်ရန် မေ၁၄ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာအောင်မွန်၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး)ဒေါက်တာကျော်ညွှန့်စိန်နှင့် ဒုတိယညွှန်ကြားရေးမှူး(ကူးစက်)ဒေါက်တာစိုးလွင်ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်လွင်တို့ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံမှုများ ရုံးထိုင်ကြားနာ

ရန်ကုန် မေ ၂၇

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့် နှင့် ဦးတင်အေးတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(ရန်ကုန်)ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှုလေးမှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးကုသမှုခံလူနာများအတွက် ဆေး၊ဆေးပစ္စည်းနှင့်ငွေလှူဒါန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် ဆေး၊ဆေးပစ္စည်း နှင့် အလှူငွေများ လှူဒါန်းပွဲကို မေ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဧည့်ခန်းမ၌ ကျင်းပရာ အဆိုပါ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်တင်နှင့် အဖွဲ့ဝင်များက ငွေကျပ်ရှစ်သိန်းခန့်တန်ဖိုးရှိ ဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်း လင်ကွမ်းကျောင်းထိုင်ဆရာတော် ရန်ကုန်မြို့သို့ကြွရောက်တော်မူ

ရန်ကုန် မေ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ Vice President in Executive ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်ရာ လင်ကွမ်းကျောင်းကျောင်းထိုင်ဆရာတော် The Most. Ven. Master Sheng Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူလာကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြစ်ဝကျွန်းပေါ်ဒေသများ၌မိုးပိုလာမည်

ရန်ကုန် မေ ၂၇

လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သိမ်ဇရပ်မြို့တွင် ၆၁ ဒသမ၁၀လက်မ၊ ဂွမြို့တွင် ၂ဒသမ၂၄လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ဒသမ၀၉လက်မ၊ ရွှေကျင်မြို့တွင် ၁ဒသမ၈၉လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၁ဒသမ ၅၄လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ဖြစ်မြဲအောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီ ဂရိတ်ထိလျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ၆ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းတွင် ဖြစ်မြဲထက် ၁၀ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင်ဖြစ်မြဲခန့်သာရှိခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၂၈ရက် ညနေအထိ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် နတ်စင်ကုန်းစံပြကျေးရွာတွင် မေ ၂၀ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးလျက်ရှိရာ ရန်ကုန်တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတိုင်းဦးစီးမှူး ဦးတင်အောင်နှင့် ခရိုင် ဦးစီးမှူးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (လဝက)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၅–၂၀၀၅

(စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မော်ကွန်းစာကိုးပြည့်တန်ဖိုး
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ပေါင်းမြက်များကို ထိရောက်စွာကာကွယ်နှိမ်နင်းနည်းများ
၇း၅၀	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	သံဂဟေအတတ်ပညာ
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာမြန်မာ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကရာတေးဒို
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်ဇီညံထံသို့ ပေးပို့သည့်သဝဏ်လွှာ

အဆွေတော်–

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် မင်္ဂလာအခါသမယတွင် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

နှစ်(၃၀)ကာလအတွင်းတွင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော ချစ်ကြည်ရေးကို နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက်က ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးများက ချမှတ်ပေးခဲ့သည့် လက်ရှိ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို မြှင့်တင်သွားရန် အစွမ်းကုန် ဆက်လက်ကြိုးပမ်းအားထုတ်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့ နှစ်နိုင်ငံဆက်ဆံရေးအတွက်သာမက နိုင်ငံတကာဆက်ဆံရေးအတွက်ပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်ဆောင်ရွက်သွားပါမည်။ ။

ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာငုယင်ဇီညံထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

အဆွေတော်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့သည် (၂၈-၅-၁၉၇၅ မှ ၂၈-၅-၂၀၀၅) ရက်နေ့တွင် သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့သည်မှာ နှစ်(၃၀)ပြည့်မြောက်ခဲ့ခြင်းအတွက် အဆွေတော်ထံသို့ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

လွန်ခဲ့သော နှစ်(၃၀)တာကာလအတွင်း မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများတွင် စဉ်ဆက်မပြတ်တိုးတက်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆက်ဆံရေးခိုင်မာလာမှုကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

လက်ရှိ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအခြေအနေများအရ မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများဘောင်အတွင်းမှ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများ၏ လိုလားတောင့်တချက်များ ဖြည့်ဆည်းပေးရာတွင်လည်းကောင်း၊ ဒေသနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။ ။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့။
ရက်စွဲ၊ ၂၀၀၅ ခုနှစ် မေလ ၂၈ ရက်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သီရိဇေယျအနော်ရထာခန်းမ၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း အသီးသီးကျင်းပကြသည်။

တက်ရောက်

အခမ်းအနားများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ တိုင်းရင်းသားရေးရာလုပ်ငန်း အဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပညာရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် တွဲဖက်ပါမောက္ခ ဒေါ်မင်းသက်မွန်နှင့် တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံ ပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိန်က ခရိုင်အတွင်းရှိ ကျောင်းနေရန် အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် တွဲဖက်ပါမောက္ခ ဒေါ်မင်းသက်မွန်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ ပူးပေါင်းလျက် ရန်ကုန်တိုင်းအတွင်း ကျောင်းနေရန် အခက်အခဲရှိနေသူ ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

အလားတူပင် ရန်ကုန်အရှေ့ပိုင်းခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိန်းက ခရိုင်အတွင်း ကျောင်းနေရန် အခက်အခဲဖြစ်နေသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်နော်မူမူအေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးစီး၍ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် ပူးပေါင်းလျက် ရန်ကုန်တိုင်း အတွင်း ကျောင်းအပ်နှံရန် အခက်အခဲရှိနေသော ကျောင်းသူကလေးများအား ကျောင်းအပ်နှံရေးအခမ်းအနားများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပညာရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် တွဲဖက်ပါမောက္ခ ဒေါ်မင်းသက်မွန်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် တာဝန်ရှိသူများက ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ကြသည်။

စာအုပ်များလှူဒါန်း

ယင်းနောက် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော သူငယ်တန်းပြဌာန်းစာအုပ်များကို မြို့နယ်ပညာရေးမှူးများသို့လည်းကောင်း၊ သာကေတမြို့နယ် ပညာရေးမိသားစုက လှူဒါန်းသော ဗလာစာအုပ်နှင့် ခဲတံများကို မြို့နယ်ပညာရေးမှူး ဦးအေးကြိုင်က သာကေတမြို့နယ် အမှတ်(၅)အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်အား လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်၊စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများပေးအပ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကျင်ခိုင်က ကျောင်းသူကလေးများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာပရဟိတအဖွဲ့ ဘိုးဘွားသက်ရှည်များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့က အသက် ၁၀၀ နှင့် အထက် ဘိုးဘွားသက်ရှည်များ ပူဇော်ပွဲကို ဇွန် ၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံယူလိုသော အသက် ၁၀၀ ပြည့်ပြီး ဘိုးဘွားများသည် မိမိတို့၏ ဓာတ်ပုံ၊ သန်းခေါင်စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံစာမူရင်းများဖြင့် ဇွန် ၁၀ ရက် နောက်ဆုံးထား၍ အဖွဲ့တည်ရှိရာ မင်္ဂလာဗျူဟာ အသင်းချုပ် အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ အချိန်မီပေးပို့ကြရန် မေတ္တာရပ်ခံထားသည်။ ပူဇော်ပွဲအတွက် အလှူငွေနှင့်ပစ္စည်းများ ပါဝင် လှူဒါန်းနိုင်ကြောင်းနှင့် အလှူရှင်များ၊ စိတ်ပါဝင်စားသူများ ပူဇော်ပွဲသို့ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာတောင်ညွန့် မြို့ နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၇ရက်က အထက (၁) ကျောင်းခန်းမတွင် ပြုလုပ်ရာ ချို့တဲ့ကျောင်းသား ကျောင်း သူ များအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ ၇၄၆၇၈၆ ကျပ်ကို မြို့နယ် အေးချမ်းသာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုက မြို့နယ်ပညာရေးမှူး ဦးလှသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

မေ ၂၅ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို အမက(၁) ကျောင်းခန်းမ၌ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူး(ပညာ) ဆရာကြီး ဦးအောင်ချိန်က လှူဒါန်းထားသော ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများအား ကျောင်းသားကျောင်းသူများသို့ ပေးအပ်စဉ်။
(က–ပ)

ယဉ်ကျေးမှုအချင်းချင်း လေ့လာခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြု အရည်အချင်းပြည့်ဝသော ဆရာကောင်း၊ ဆရာမွန်များဖြစ်ရန် ကျင့်ကြံအားထုတ်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ နံနက် ၆နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၀)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

တွေ့ဆုံပွဲ အခမ်းအနားသို့ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်အနက် ပထမဦးတည်ချက်ဖြစ်သော 'တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး'နှင့် စတုတ္ထဦးတည်ချက်ဖြစ်သော 'တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး'ဟူသော ဦးတည်ချက်များအရ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် လူငယ်လူရွယ်များ စိတ်ဓာတ်မြင့်မားပြီး အကျင့်စာရိတ္တမြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးအတွက် သင်ကြားပို့ချနိုင်သော အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကောင်းများ လိုအပ်လျက်ရှိရာ အဆိုပါ ဆရာဆရာမကောင်းများ ပေါ်ထွန်းစေရေး ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မိမိတို့ ရန်ကုန်တိုင်းမှ သင်တန်းသား၊ သင်တန်းသူများကို နှစ်စဉ်စေလွှတ်လျက်ရှိကြောင်း။

ထူးချွန်အောင်ကြိုးစား

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် သင်တန်းတက်ရောက်စဉ် ကာလများ၌ အခြားပြည်နယ်၊ တိုင်းများမှ သင်တန်းသား၊ သင်တန်းသူများနှင့် အတူတကွ ပညာသင်ကြားရမှာဖြစ်၍ ပညာသင်ကြားစဉ် ကာလအတွင်း စည်းကမ်းကောင်းမွန်အောင်၊ ပညာရည်ချွန်ဖြစ်အောင်၊ ရန်ကုန်တိုင်း ဂုဏ်ဆောင်နိုင်ပြီး ထူးချွန်စွာအောင်မြင်အောင် ကြိုးစားကြဖို့ လိုအပ်ကြောင်း၊ ပညာရေးသာမက ဘက်စုံထောင့်စုံက ထူးချွန်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံထူးချွန်မှသာအနာဂတ်လူငယ်များကို ပြုစုပျိုးထောင်နိုင်မည့် ဆရာကောင်းများ ဖြစ်လာမှာ ဖြစ်ကြောင်း။

ထောက်ပံ့ပေး

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ စာပေသင်ကြားရာတွင် စိတ်အေးချမ်းသာစွာ သင်ယူနိုင်ရန်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တက္ကသိုလ်တွင် ငွေပဒေသာပင် ၂၈ သိန်း စိုက်ထူပေးထားပြီး ကျောင်းသား ကျောင်းသူများအတွက် လစဉ်စားသောက်စရိတ်နှင့် အသေးသုံးစရိတ်စုစုပေါင်းကျပ် ၁၅၀၀ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယနေ့တွင်လည်း ယခုကျောင်းဖွင့်အမီ ခရီးစရိတ်၊ဝတ်စုံစရိတ်နှင့် စာအုပ်စာတမ်းဝယ်ယူနိုင်ရန်အတွက် ကျပ် ၁၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း။

အထောက်အကူပြု

ကျောင်းမှာပညာသင်ကြားသည့်အခါ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုရှိရန် လိုအပ်သလို အခြားတိုင်း၊ ပြည်နယ်မှ သင်တန်းသား၊ သင်တန်းသူများနှင့်လည်း ရင်းနှီးခင်မင်စွာဆက်ဆံပြီး တစ်ဦးအခက်အခဲ တစ်ဦးဖေးမကူညီ ဖြေရှင်းပေးကာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲအောင် တည်ဆောက်ဖို့လည်း လိုအပ်ကြောင်း၊ သို့မှသာ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ခိုင်မြဲပြီး ပြည်ထောင်စုစိတ်ဓာတ်များ တည်တံ့နေမှာဖြစ်ကြောင်း၊ တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း တစ်ဦးက လေးစားပြီးလေ့လာဖို့လိုအပ်ကြောင်း၊ ယဉ်ကျေးမှုအချင်းချင်း လေ့လာဖလှယ်ခြင်းအားဖြင့်လည်း တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုစေမှာဖြစ်ကြောင်း။

အတွေ့အကြုံပေါင်းစပ်

ယခုနှစ် သင်တန်းဆင်းမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာကောင်းတစ်ဦးဖြစ်အောင် ကြိုးစားပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကျေးရွာဒေသမှာ တာဝန်ထမ်းဆောင်ပြီး အနာဂတ်လူငယ်များအတွက် ဆရာကောင်းတစ်ဦးဖြစ်အောင် မမိုတ်မသုန် ဆက်လက် ကြိုးပမ်းသွားရမှာဖြစ်ကြောင်း၊ ကျောင်းက သင်ကြားပေးလိုက်သည့်ပညာရပ်များနှင့်လက်တွေ့နယ်ပယ်မှာ တွေ့ကြုံရမည့် အတွေ့အကြုံများ ပေါင်းစပ်ပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် အရည်အချင်းပြည့်ဝသော ဆရာကောင်း၊ ဆရာမွန်များဖြစ်ရန် ကျင့်ကြံအားထုတ်သွားကြရမှာ ဖြစ်ကြောင်း။

ကြိုးကြိုးကုတ်ကုတ်

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြန်လည် ရောက်ရှိကြသည့်အခါ ကျောင်းက ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး ပညာကို ကြိုးကြိုးကုတ်ကုတ် သင်ယူသွားကြရန်နှင့် တစ်ဦးကိုတစ်ဦး ဖေးမကူညီ စောင့်ရှောက်ပြီး ရန်ကုန်တိုင်း ဂုဏ်ဆောင် သင်တန်းသားကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သင်တန်းသား၊ သင်တန်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၆၀၀၀၀ကို ထောက်ပံ့ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ပညာရေးဘွဲ့(ဘီအီးဒီ) တစ်နှစ်သင်တန်း၊ သင်တန်းအမှတ်စဉ်(၂၀)မှ သင်တန်းသူ မခင်မိုးကြိုင်က လက်ခံရယူသည်။

ကျေးဇူးတင်စကား

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း သင်တန်းအမှတ်စဉ်(၃၈)မှ ပထမနှစ် သင်တန်းသူ မစံပယ်လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ စည်းဝေး

ရန်ကုန် မေ ၂၇

၂၀၀၅ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး အတွက် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေး ကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက အမှာစကား ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အဖြစ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် 'Equality' ဖြစ်ပြီး မြန်မာဘာသာဖြင့် 'အမျိုးသမီးများ အရေးပါမှု အလေးထား၊ ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား' ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

မေ ၂၄ရက်က (၁၅)နှစ်မြောက် ဟော်ကီအဖွဲ့ချုပ် နှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြည်တွင်းပြည်ပဟော်ကီ တိုးတက်ရေးကိစ္စများကို (၁၅)နှစ်ဆက်တိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော FIH DCC Memberနှင့် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးကျော်နိုင်အား အမှတ်တရဂုဏ်ပြုဆုပေးအပ်စဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၅)

World No-Tobacco Day(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီး ဆန့်ကျင်ရေး၊

ကျန်းမာရေးပညာရှင်များ

ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန။

အလှူငွေများ ပေးအပ်

မေ ၂၇ရက်က ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ရန်ကင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို အထက (၁)ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက ကျောင်းဝတ်စုံအတွက် အလှူငွေများ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် မေလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉-၅-၂၀၀၅ရက်နေ့

၂၀၀၅ ခုနှစ် ဇွန်လအတွက်

၁၂-၆-၂၀၀၅ရက်နေ့ နှင့် ၂၆-၆-၂၀၀၅ရက်နေ့

ထူးခြားသည့်နေ့ အပူချိန်များ

၂၇-၅-၂၀၀၅

မကွေး	၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး / **ညောင်ဦး** / **မြင်းခြံ**	၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	၃၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်)

ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

ပြင်ဦးလွင် ချစ်ဆွေ

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏မြောက်ဖျားစွန်းကျ ပြည်နယ်တစ်ခုဖြစ်သည်။ တိုင်းနှင့် ပြည်နယ် ၁၄ခုအနက် ဒုတိယအကျယ်ဆုံး ပြည်နယ် တစ်ခုလည်း ဖြစ်သည်။ ပြည်နယ်အကျယ်အဝန်းမှာစတုရန်းမိုင်ပေါင်း ၃၄၃၇၉ခန့် ရှိသည်။

ပြည်နယ်တစ်ခုလုံး တောင်ကုန်း တောင်တန်းများ ထူထပ်ပေါများပြီး မြောက်ဘက်စွန်းပိုင်းသည် တိဘက်ကုန်းမြင့်ကြီး၏ အစွန်းပိုင်း၊ မြန်မာနိုင်ငံ၏ အမြင့်ဆုံးပိုင်းလည်း ဖြစ်သည်။ ပြည်နယ်၏အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်နှင့်အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ တောင်ဘက်တွင် စစ်ကိုင်းတိုင်းနှင့်ရှမ်းပြည်နယ်တို့နှင့် ဆက်စပ်နေသည်။ ပြည်နယ်တစ်ခုလုံး၏ ၇၆ ဒသမ ၈၃ ရာခိုင်နှုန်းမှာ တောတောင်များဖြင့် ဖုံးလွှမ်းနေပြီး တောင်တန်းများအား ဖြတ်သန်းစီးဆင်းလာသော မြစ်ချောင်းများလည်း ပေါများသည်။

ထို့ကြောင့် ပထဝီအနေအထားအရ ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်မှု အားနည်းသည့် ဒေသတစ်ခု ဖြစ်သည်။ သို့သော် တပ်မတော်အစိုးရ တိုင်းပြည်၏ တာဝန်ကို ရယူချိန်မှစ၍ ယနေ့အထိ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် ဗလမင်းထင် ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ပြီးချိန်မှစ၍ ကချင်ပြည်နယ်သည် သိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါ ကချင်ပြည်နယ်အတွင်း ဆက်သွယ်သည့် လမ်းများနှင့် မြေပြန့်ဒေသသို့ ဆက်သွယ်သည့်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ လမ်းသစ်များနှင့်အတူ တံတားသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက် ရှိသည်။

ကချင်ပြည်နယ် တစ်နယ်လုံးမှာလည်း တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့် အချိန်မှစ၍ ငြိမ်းချမ်းရေး၏အရသာကို ခံစားနေရပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကလည်း တပ်မတော်နှင့်အတူ ပူးပေါင်းလက်တွဲ၍ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် နေ့မအား၊ ညမနား လုပ်ဆောင်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယနေ့ဆိုလျှင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် မြန်မာ့လေကြောင်းအပြင် ပုဂ္ဂလိကလေကြောင်း ပို့ဆောင်ရေး လုပ်ငန်းဖြစ်သော ပုဂံလေကြောင်း၊ ရန်ကုန်လေကြောင်းတို့ပါ မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်တို့သို့ ပြေးဆွဲပေးနေသည်။ ရေကြောင်းလမ်းတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး–ဗန်းမော်၊ ဗန်းမော်–မြစ်ကြီးနား ရေပေါ်အမြန်လှုပ်ပြေးယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။ အလားတူ မိုးကောင်းချောင်း၊ နန်းရင်းချောင်း၊ ဥတုချောင်း၊ တနိုင်းချောင်း၊ အင်းတော်ကြီးချောင်း၊ မိုးလဲချောင်းများတွင် ယခင်က လှေငယ်များဖြင့် သွားလာနေရာမှ စက်လှေငယ်များဖြင့် အစားထိုး ပြေးဆွဲလျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း ပိုမိုချောမွေ့စေရေးအတွက် မြစ်ကြီးနား–ရွှေဘိုလမ်း (၂၈၉)မိုင်၊ မြစ်ကြီးနား–ဖားကန့်လမ်း (၁၀၇)မိုင်၊ မြစ်ကြီးနား–ဗန်းမော်လမ်း (၁၁၅)မိုင်၊ မြစ်ကြီးနား–ပူတာအိုလမ်း (၂၁၈)မိုင်၊ မြစ်ကြီးနား–လုံးတုံလမ်း(အင်းတော်ကြီး)(၁၁၂)မိုင်၊ မြစ်ကြီးနား–ချီဖွေလမ်း (၉၇)မိုင်၊ မြစ်ကြီးနား–မြစ်ဆုံလမ်း (၂၈)မိုင် စသည်တို့ကို တိုးချဲ့ဖောက်လုပ် အဆင့်မြှင့်တင်ပေးခဲ့၍ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။

အလားတူ နယ်နိမိတ်ချင်း ဆက်စပ်နေသော တရုတ်နိုင်ငံသို့ မြစ်ကြီးနား– ဗန်းမော်–ကန်ပိုက်တီး(၈၈)မိုင်၊ ဆဒုံး (၅၇)မိုင်၊ မြစ်ကြီးနား–မိုးမောက်–လိုင်ဇာလမ်း၊ မြစ်ကြီးနား–မိုးမောက်–လွယ်ဂျယ်လမ်း၊ မြစ်ကြီးနား–မန်စီ – နမ့်ခမ်း – မူဆယ်လမ်း၊ မြစ်ကြီးနား–တနိုင်း–နန့်ယွန်း–ပန်ဆောင်အထိ လည်းကောင်း သွားလာနိုင်ပြီဖြစ်သည်။

ကချင်ပြည်နယ်တွင် မြို့နှင့် ကျေးရွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မိုးလဲချောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းလည်း ပါဝင်ပါသည်။ မိုးလဲချောင်း ဒေသတွင် ပါဝင်သော မိုးလဲချောင်း

မခွယ်–သိမ်လုံလမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ် နေသည်ကို တွေ့ရစဉ်။

တစ်လျှောက်တွင် နေထိုင်လျက်ရှိကြသော ကျေးရွာလူထုသည် ရေလမ်းကို အဓိကထား သွားလာကြရပြီး ကုန်းလမ်းအဖြစ် ချောင်းကမ်းဘေး လှည်းလမ်းကိုသာ အသုံးပြု သွားလာခဲ့ကြရလေသည်။ မိုးရာသီတွင် ချောင်းရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း၊ ရေကြီးခြင်းစသည့် အခက်အခဲများ ရှိခဲ့သဖြင့် ဒေသဖွံ့ဖြိုးမှုကို ထိခိုက်စေခဲ့ပါသည်။

ထို့ကြောင့် မိုးလဲချောင်းဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး

ကြောင်းအား ရာသီမရွေး သွားလာနိုင်သောကျောက်ချောလမ်းကြောင်းအဖြစ် ဖောက်လုပ်ရန်နှင့် ဗန်းမော်–မြစ်ကြီးနား ကားလမ်းမကြီးနှင့် ဆက်စပ် ပေးနိုင်ရန်အတွက် ကုန်းနှော–မခွယ်လမ်း၊မိုင်(၄/၄)၊ သိမ်လုံ–ဒေါ့ဖုန်းယန်လမ်း မိုင် (၆/၄)တို့ကိုလည်း ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် မှာကြားခဲ့သည်။

ယခုအခါ ဗန်းမော်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးမှ တာဝန်ယူ၍ ကုန်းနှော–မခွယ်လမ်းနှင့်

နောင်ကုတ်၊ လွဲဆယ်၊ သိန်းငိတ်၊ အောက်ဆားကျင်း၊ အထက်ဆားကျင်း၊ သိန်းဘုရား၊ လုံဂျာကုန်း၊

လိုင်ဇာမြို့အဝင် မိုးလဲချောင်းပေါ်မှ လိုင်ဇာ ဘေလီတံတားကို တွေ့ရစဉ်။

သိမ်လုံ၊ ဒေါ့ဖုန်းယန်ရှိ ဒေသခံ တိုင်းရင်းသား လူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ဒေသအတွင်း မြို့နှင့် ကျေးရွာချင်းဆက် လမ်းအများအပြားကိုလည်း ဖောက်လုပ်ပေးလျက်ရှိရာ ကျေးလက် ပြည်သူများအတွက် လမ်းပန်း ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုကြောင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလျက်ရှိ။

ကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း(ယခုနိုင်ငံတော်ဝန်ကြီးချုပ်)၏ ၂၅–၆–၂၀၀၄ မှ ၂၇–၆–၂၀၀၄ ရက်နေ့ အထိ ဗန်းမော်ခရီးစဉ်တွင် မိုးမောက်မြို့နယ်၊ မခွယ်–သိမ်လုံလမ်း

မြစ်ကြီးနား – ဗန်းမော် ကားလမ်းမကြီး ဝိုင်းမော်–နန့်ဆန်ယန်ကြားတွင်ကတ္တရာလမ်း ခင်းနေသည်ကို ဤသို့ တွေ့ရသည်။

သိမ်လုံ–ဒေါ့ဖုန်းယန် လမ်းများကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်သည်ကို တွေ့ရသည်။ ဆက်လက်၍ (၁၅)မိုင် ရှည်လျားသော မခွယ်–သိမ်လုံလမ်းကို ဖောက်လုပ်လျက်ရှိရာ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။

မခွယ်–သိမ်လုံ လမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးပါက မိုးလဲချောင်းဒေသတွင်ပါသော ကုန်းနှော၊ မခွယ်၊

မခွယ်–သိမ်လုံလမ်း စီမံကိန်းအတွက် ကျပ် ၃၆၁၄သိန်းကုန်ကျမည်ဖြစ်ကြောင်း သိရပါသည်။

ဆက်လက်၍ **ဒေသအတွင်း မြို့နှင့်ကျေးရွာချင်းဆက် လမ်းအများအပြားကိုလည်း ဖောက်လုပ်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုကြောင့် လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလျက်ရှိ** ပေသည်။

ကချင်ပြည်နယ် တစ်ဝန်းဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြု အခြေခံ အဆောက်အအုံများစွာ တိုးချဲ့ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ဒေသ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှု အကျိုးပြုလမ်းသစ်၊ တံတားသစ်များစွာကို အကျိုးရှိရှိ အသုံးပြု၍ အရှည်တည်တံ့ ခိုင်ခံ့စေရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မိုးညှင်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

မိုးညှင်း မေ ၁၅

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ၁၀ ရက်က စည်ပင်သာယာရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း ဦးဆောင်သော ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြ လေ့ကျင့်ကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်နှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(၁၅၂)**

မေ ၂၂ ရက်က တွံတေးမြို့ ရွှေဆံတော် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိပင်၌ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် ညောင်ရေသွန်းလောင်းကုသိုလ်ယူကြစဉ်။ (၁၈၀)

ညောင်ရွှေမြို့နယ်၌ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ စာအုပ်များပေးအပ်လှူဒါန်း

ညောင်ရွှေ မေ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်း ကျေးရွာအုပ်စု ငါးဖယ်ချောင်းကျေးရွာ ဘုန်းကြီးကျောင်းတွင် မေ ၁၁ ရက် နံနက် ၁၀ နာရီက လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ လင်းရောင်ခြည် စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာကြည့်တိုက် ရေရှည် တည်တံ့ရေးအကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းရွှေက အသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စာအုပ်လှူဒါန်းပွဲ ကျင်းပရာ တောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်နှင့် မဂ္ဂဇင်းမျိုးစုံ အုပ် ၅၀ နှင့် ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ် ၅၀ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲ့မြို့နယ် သူနာပြုအသင်းခွဲက ကြီးမှူး သူနာပြုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဆုပေး

လှိုင်းဘွဲ့ မေ ၂၀

လှိုင်းဘွဲ့မြို့နယ် သူနာပြုအသင်းခွဲ က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနားကို မေ ၁၂ရက် နံနက်၉နာရီက လှိုင်းဘွဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ရီငွေးက အမှာစကား ပြောကြားပြီး လှိုင်းဘွဲ့မြို့နယ် သူနာပြုအသင်းခွဲနာယကဒေါက်တာသန်းထွန်းက သူနာပြုနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် သူနာပြုအသင်းခွဲဥက္ကဋ္ဌ သူနာပြုဆရာမကြီး ဒေါ်ခလဲမတစ်က လုံခြုံစိတ်ချလူနာဘဝ ပြုစုသည်မှာ သူနာပြုပါ ဆောင်ပုဒ်ကို လည်းကောင်း (**အောက်ပုံ**)၊ သားဖွားဆရာမဒေါ်အေးမြင့်က ထူးချွန် သားဖွားအကြောင်းကို လည်းကောင်းရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ် အဖြစ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ၂၀၀၄-၂၀၀၅ခု နှစ်ပတ်လည်အစည်းအဝေးနှင့် မိခင်နှင့်ကလေးများနေ့အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲနှင့် အခြေခံမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၃၀ရက်က စံပယ်ခန်းမ၌ကျင်းပရာ မူလတန်း ပညာရည်ချွန်ဆုရ မောင်ချမ်းငြိမ်းအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေးငွေးရှိန်က ဆုချီးမြှင့်စဉ်။ (၁၀၆)

ဟုမ္မလင်းမြို့နယ် စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကျင်းပ

ဟုမ္မလင်း မေ ၅

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးဝင်း၏ ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးတို့၏ ဝိုင်းဝန်းကူညီမှုဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အသစ် ဖွင့်လှစ်သော ကျေးရွာအုပ်စု ၄၉အုပ်စုအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ စာအုပ်ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၅ရက်က ကျင်းပသည်။

တက်ရောက်

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချိုင်းတိုးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

လက်ခံရယူ

ထို့နောက် အလှူရှင်များက စာအုပ် ၃၀၂အုပ်နှင့် ငွေကျပ် ၄၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဒုတိယဦးစီးမှူးက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ညှိနှိုင်းဆွေးနွေးပွဲ သနပ်ပင်မြို့နယ်တွင် ကျင်းပ

သနပ်ပင် မေ ၂၃

ပဲခူးတိုင်း သနပ်ပင်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြို ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကား ပြောကြားပြီး (**အောက်ပုံ**) ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်ဝမ်းက သနပ်ပင်မြို့နယ် အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အချိန်အဟုန်မြှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပညာပေးဟောပြော

ထို့နောက် သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်း၍ သနပ်ပင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ပညာပေး ဟောပြောပြီး တစ်အိမ်တက်ဆင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(၃၄၇)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပြင်ဦးလွင်ခရိုင် ထွေ/အုပ် ဦးစီးဌာန ကြီးမှူးဖွင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဆင်း

ပြင်ဦးလွင် မေ ၅

ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဆင်းပွဲကို ဧပြီ ၂၇ရက် ညနေ ၄နာရီက သပိတ်ကျင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ကလောမြို့ မြို့မဈေးတွင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၇ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ အင်ဂျင်နီယာမှူးဦးမင်းအောင်မြင့်စိုးနှင့်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံဦးထွန်းထွန်းတို့ ဦးဆောင်သော ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သန္တမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ လက်တွေ့သရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြစဉ်။ (နယ်စပ်/စည်ပင်)

မန္တလေးမြို့တော်ဝန် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်မှုစစ်ဆေး စံချိန်စံညွှန်းပြည့်မီရေးနှင့် အလေအလွင့်နည်းပါးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြား

မန္တလေး မေ ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ၈၂လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်သို့ ရောက်ရှိပြီး ၈၂လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား အကျယ် ပေ၅၀၊ လမ်းအရှည် ပေ၅၄၀ ရှိသော ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုများနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းစံချိန်စံညွှန်းပြည့်မီစေရေး၊ စက်ယန္တရားကြီးများ အကျိုးရှိစွာအသုံးချရေးနှင့် လမ်းသုံးပစ္စည်းများ အလေအလွင့်နည်းပါးစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၈၃ လမ်းတစ်လျှောက် ၂၆ လမ်းမှ ၃၁လမ်းအထိ လမ်းအခြေအနေ၊ လမ်းဘေး ဝဲယာ ရေနုတ်မြောင်းများ ရေစီးဆင်းမှု အခြေအနေနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးမြို့တော်စည်ပင်)**

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

နောင်ချိုမြို့နယ်၌ တိုင်းရင်းဆေးပညာဟောပြော ကျေးရွာပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

နောင်ချို မေ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးဦးသက်လွင်သည် လက်ထောက်တိုင်းရင်းဆေးမှူးဒေါ်ကြည်ကြည်မြင့် လိုက်ပါလျက် မေ ၁၁ ရက် နံနက် ၉ နာရီက လုံရုံးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံပြီး အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမဲ့ဆေးဝါးကုသပေး

အခမ်းအနားတွင် ဒုတိယတိုင်းရင်းဆေးမှူး ဦးသက်လွင်နှင့် အဖွဲ့က ကျေးရွာနေ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ နောင်ချိုမြို့နယ်အတွင်း စံပြကျေးရွာများဖြစ်သည့် သုံးဆယ်၊ ကံကြီးနှင့် ညံတောကျေးရွာတို့တွင် တိုင်းရင်းဆေးပညာအကြောင်း ဟောပြောခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူး၍ ရန်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၆ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းဦးနှင့် ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်နီလာဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၁၆)

အရာတော်မြို့နယ်၌ မြေအောက်ရေတူးဖော်ရာမှ ရေများအလိုအလျောက် မြေပေါ်သို့ ပန်းထွက်လာ တစ်နာရီ ဂါလန် ၂၂၅၀၀ ထွက်ရှိ၊ စိုက်ပျိုးမြေအကျိုးပြု

အရာတော် မေ ၂၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေခက်ခဲသည့်ကျေးရွာများ၌ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် မြေအောက်ရေတူးဖော်မှု အကောင်အထည်ဖော်ဆောင်ရွက်ရန် မုံရွာမြို့ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသို့ မှာကြားခဲ့သည်။

အလိုအလျောက်ပန်းထွက်

မုံရွာမြို့ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် အရာတော်မြို့နယ် မြေနက်ကျေးရွာနေ တောင်သူ ဦးသက်ပင်း၏ ယာမြေဦးပိုင်အမှတ်(၆၂)၊ ကွင်းအမှတ်(၅၆၀)တွင် မေ ၈ ရက်က မြေအောက်ရေတွင်းတူးဖော်ခဲ့ရာ မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အနက်ပေ ၁၃၀၀ အရောက်၌ မြေအောက်မှရေများ အလိုအလျောက် မြေပေါ်သို့ ပန်းထွက်လာခဲ့သည်။ **(အောက်ပုံ)**

စိုက်ပျိုးမြေဧက ၅၀ အကျိုးပြုမည်

အဆိုပါ ရေလျှံတွင်းအား လေးလက်မ အရွယ်အစား သံပိုက်များ တပ်ဆင်ထားပြီး ရေများအဆက်မပြတ် လျှံထွက်မှုမှာ တစ်နာရီလျှင် ဂါလန် ၂၂၅၀၀ ထွက်ရှိသဖြင့် စိုက်ပျိုးမြေ ဧက ၅၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကျိုင်းတုံ မေ ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျိုင်းတုံခရိုင်ရုံးမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ မေ ၁၅ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဟန်ညွန့်တို့က ယန်းကျိန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းသော စာအုပ်မျိုးစုံ ၁၂၀ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းက လည်းကောင်း **(အပေါ်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသည့် စာအုပ်မျိုးစုံ ၇၀ ကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက စာအုပ်မျိုးစုံ အုပ် ၁၂၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းရှဲန်နှင့် တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား

အောင်ပွဲရလီဗာပူးအသင်းအား ပြည်သူတို့ တစ်ခဲနက်ကြိုဆိုခဲ့ကြ

လီဗာပူး မေ ၂၇

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၂၆ရက်က အင်္ဂလန်မှ လီဗာပူးအသင်းနှင့် အီတလီမှ အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးက ပယ်နယ်တီ ဖြင့်နိုင်ပြီး အောင်ပွဲရချန်ပီယံလိဂ်ဖလားကြီးနှင့်အတူ လီဗာပူးမြို့သို့ မေ ၂၇ ရက်က ပြန်လည်ရောက်ရှိကြသည်။

လေဆိပ်ဆိုက်ရောက်

အောင်ပွဲရ လီဗာပူးသူရဲကောင်းများကို တင်ဆောင်ပျံသန်းလာသော လေယာဉ်သည် ဂျွန်လီနွန်လေဆိပ်သို့ ဆိုက်ရောက်လာသည်။

လီဗာပူးအသင်းသားများအား တင်ဆောင်လာသော အမိုးဖွင့်ကားသည် မြို့လယ်ဆီသို့ ဦးတည်မောင်းနှင်လာသည်။ လီဗာပူးအသင်းကို ကြိုဆိုနေသော ပရိသတ် ၇၅၀၀၀၀မှာလည်း လမ်းဘေးဝဲယာတစ်လျှောက်တွင် အနီရောင် ပင်လယ်ကြီးဖန်ဆင်းထားသည့်အလား ရဲရဲနီလျက်ရှိသည်။

လီဗာပူးအသင်း၏ အောင်မြင်မှုကို အားပေးကြသည့် ပရိသတ် ၃၀၀၀၀၀ခန့်မှာလည်း မြို့လယ်ရှိ စိန့်ဂျော့ချ်ခန်းမကြီး ဝန်းကျင်တွင် အသင့်ရောက်ရှိနေကြသည်။

အံ့ဖွယ်ရာအောင်ပွဲ

လီဗာပူး၏အောင်ပွဲသည် အေစီမီလန်အသင်း၏ သုံးဂိုးအသွင်းခံရပြီးမှ ပယ်နယ်တီဖြင့် အေစီမီလန်ကို အနိုင်ရခြင်းမှာ အစ္စတန်ဘူလ်နှင့် ဗြိတိန်တို့တွင် အံ့ဖွယ်ရာအောင်ပွဲ ဖြစ်နေခဲ့သည်။

ကမ္ဘာတစ်ဝန်းမှဘောလုံးပရိသတ်များသည်လည်း လီဗာပူးအသင်း၏ အောင်မြင်မှုကို အံ့သြကြလိမ့်မည်ဖြစ်သည်။ယင်းဖလားသည် အန်ဖီးလ်ကလပ်အသင်းဖြစ်သော လီဗာပူး၏ ပဥ္စမအကြိမ်မြောက် ဥရောပဖလားဖြစ်သည်။

လီဗာပူးအသင်းသည် ၁၉၉၉ ခုနှစ်က မန်ချက်စတာယူနိုက်တက်အသင်း ချန်ပီယံလိဂ်ဖလားဗိုလ်စွဲပြီးနောက် ပထမဆုံးသောချန်ပီယံလိဂ်ဖလားကို ဗိုလ်စွဲနိုင်ခဲ့သည့် အင်္ဂလိပ်အသင်းဖြစ်သည်။

လီဗာပူးအသင်းသည် အောင်မြင်မှု သရဖူဆွတ်ခူးသည့်အတွက် ပေါင်ငွေ ၄၅သန်းအထိ ရရှိနိုင်ကြောင်း ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်လာသောကင်စတွန်စီးပွားရေးကျောင်းမှ ပါမောက္ခတွမ်ကင်နွန်က သတင်းဌာနသို့ ပြောကြားသည်။

သို့ရာတွင် လီဗာပူးအသင်းသည် လာမည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တိုက်ရိုက်အလိုအလျောက် ခြေစစ်ပွဲအောင်မည်မဟုတ်၍ ပြိုင်ပွဲအတွက် သံသယရှိနေဆဲဖြစ်သည်။

အနီရောင် လီဗာပူးတို့သည် ပရီမီယာလိဂ်တွင် ပဥ္စမနေရာကို ရခဲ့၍ ချန်ပီယံလိဂ်ဝင်ခွင့်နေရာနှင့် လွဲခဲ့ရသည်။ ဘင်နီတက်ဇ်၏အသင်းအကျိုးအတွက် စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်းလည်း ယူအီးအက်ဖ်အေက ပြောကြားထားပြီးဖြစ်သည်။

ယူအီးအက်ဖ်အေပြောခွင့်ရပုဂ္ဂိုလ် ဝီလျံဂဲလ်လတ်က သတင်းဌာနသို့ ပြောကြားရာတွင် လီဗာပူးအသင်း လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် စည်းမျဉ်းများပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း ပြောကြားသည်။

ဆက်လက်ဆွေးနွေးမည်

သို့ရာတွင် အက်ဖ်အေအမှုဆောင်အကြီးအကဲ ဘရီယမ်ဘာဝစ်က လီဗာပူးအတွက် အထူးခြွင်းချက်အဖြစ် ရရှိရေး ယူအီးအက်ဖ်အေနှင့် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။

လီဗာပူး၏ အောင်မြင်မှုအတွက် ဗြိတိန် ဘုရင်မကြီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ကြောင်း၊ တူရကီဝန်ကြီးချုပ်က ဗြိတိန်ဝန်ကြီးချုပ်ထံ ဖုန်းဖြင့်ပြောကြားရာတွင် လီဗာပူးနှင့် ဗြိတိန်တစ်နိုင်ငံလုံးက အနှစ်နှစ်အလလက မျှော်လင့်ခဲ့ရသော အမှတ်တရအောင်ပွဲဖြစ်ခဲ့ကြောင်း၊ မစ္စတာဘလဲ၏ သဝဏ်လွှာတွင်လည်း လီဗာပူးဗိုလ်စွဲခဲ့ခြင်းကို မယုံကြည်နိုင်အောင် ဖြစ်ရကြောင်း၊ မဖြစ်နိုင်သည်များ တကယ်ဖြစ်လာခဲ့ကြောင်း၊ ထူးခြားပြောင်မြောက်အောင်တော်သည့် လီဗာပူးအသင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးက ဂုဏ်ယူပါကြောင်း ဖော်ပြထားကြောင်း သိရသည်။

လီဗာပူးအသင်း ဥရောပချန်ပီယံလိဂ် ဗိုလ်စွဲခြင်းနှင့်အတူ အံ့ဖွယ်ရာဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည်။

သရဖူဆောင်းနိုင်

ယင်းတို့မှာ နော့ဝှစ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်တို့ နှစ်သင်းစလုံး တန်းဆင်းဇုန်မှ ဆင်းသွားခြင်း၊ လီဗာပူးက ၁၇ လုံးမြောက်ဖလားနှင့် ပဥ္စမအကြိမ်မြောက် ချန်ပီယံလိဂ် ဗိုလ်စွဲခြင်းဖြင့် ဥရောပချန်ပီယံသရဖူဆောင်းနိုင်ခြင်းတို့ဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်ဖလားနှင့်အတူ အောင်ပွဲရလီဗာပူးအသင်း မြို့တွင်းသို့ ကားဖြင့် လှည့်လည်အောင်ပွဲခံနေမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့တပ်မတော်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်မှုကို တပ်မတော်အားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့တပ်မတော်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့ချစ်ကြည်ရေးပွဲယှဉ်ပြိုင်

ရန်ကုန် မေ ၂၇

မြန်မာ့တပ်မတော်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့သဃ်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏာ၌ကျင်းပရာ တပ်မတော်အားကစားနှင့်ကာယပညာ ကော်မတီ ဒုတိယဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘော်လီဘောကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော်ဘောလုံးကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အားကစားပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲမစတင်မီ နှစ်နိုင်ငံတပ်မတော်ဘော်လီဘောအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

နှုတ်ဆက်

ယင်းနောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေသည် နှစ်နိုင်ငံတပ်မတော်ဘော်လီဘောအသင်း ဥက္ကဋ္ဌများ လိုက်ပါလျက် မြန်မာ့တပ်မတော်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော် ဘော်လီဘောအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား နှုတ်ဆက်သည်။

ထို့နောက် မြန်မာလှပျိုဖြူလေးများက နှစ်နိုင်ငံတပ်မတော်ဘော်လီဘောအသင်းမှ အားကစားသမားများအား ချစ်ကြည်ရေးအထိမ်းအမှတ်ပန်းစည်းများပေးအပ်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံတပ်မတော်ဘော်လီဘောအသင်းမှ အသင်းခေါင်းဆောင်များက အမှတ်တရ အလံများ လဲလှယ်ကြပြီး နှစ်ဖက်အားကစားသမားများက အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်၍ နှုတ်ဆက်ကြသည်။

ယှဉ်ပြိုင်

ယင်းနောက် မြန်မာ့တပ်မတော်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အိန္ဒိယတပ်မတော် ဘော်လီဘောအသင်းအား ချစ်ကြည်ရေးပြိုင်ပွဲ အထိမ်းအမှတ် ချစ်ကြည်ရေးဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တာဝန်ရှိသူများသည် နှစ်နိုင်ငံတပ်မတော် ဘော်လီဘောအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် မေ ၃၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘော်လီဘောအသင်းနှင့် အိန္ဒိယ တပ်မတော်ဘော်လီဘောအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲအခမ်းအနားကို မေ ၂၄ ရက်က လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက်တွင် ကျင်းပရာ အမှတ် ၂၂၉ အနော်ရထာလမ်းနေ ဦးမောင်လှ၊ ဒေါ်ငွေရင်(မြမြဝင်းကဖီးမိသားစု)က နေလရောင်ခြည် စာကြည့်တိုက်အတွက် စာစောင်များနှင့် ဗီရိုတစ်လုံးလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်သန်းက လက်ခံရယူစဉ်။

(ခရိုင် ပြန်/ဆက်)

ပထမတန်းနှင့် တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ကျင်းပသော ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ငွေဇုန်အသင်းနှင့် အား/ကာသိပ္ပံ(ရန်ကုန်)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငွေဇုန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ကျင်းပသော တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဖေးဖရိတ်အသင်းနှင့် စွယ်စုံ(ခ)အော်စကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

(မြန်မာ့အလင်း)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် မေ ၂၇

ဦးအောင်အောင်ဝင်းသည် ကစားဖော်များဖြစ်ကြသော ဦးအိုက်ခင်၊ ဦးမျိုးမြင့်၊ ဦးဝင်းကြည်တို့နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ မေ၂၅ရက် နံနက်ပိုင်းက ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၁၆)၌ ၁၃၃ကိုက် အကွာမှ Tour-Special ဘောလုံးကို Iron (P) Honma တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စိန္တာမုနိစေတီတော်မြတ်ကြီးဘက်စုံတည်ဆောက်နေမှုခံဦး၊ရေချမ်းစင်၊ဓာတ်မီးတိုင်များလှူဒါန်းနိုင်

ရန်ကုန် မေ ၂၇

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် အုံမြားကြီးချောင်းနှင့်ဧရာဝတီမြစ်ကမ်းဘေး ပုဂံခေတ်ဦးတည်ထားခဲ့သော ဉာဏ်တော် ၈၆ ပေ၊ ဖိနပ်တော် ၈၆ပေရှိ သမိုင်းဝင် စိန္တာမုနိစေတီတော်ကြီးအား ဗုဒ္ဓပူဇနိယဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)ကကြီးမှူး၍ ဘက်စုံတည်ဆောက်လျက်ရှိရာ စေတီတော်ကြီးရွှေဆေးသင်္ကန်း လုံးတော်ပြည့်ကပ်လှူခြင်း၊ အရံစေတီထီးတော်များ၊ သံပန်းတံခါးများ၊ ရေစုပ်စက်၊ မီးစက်များ လှူဒါန်းပြီး၍ ချောက်–ညောင်ဦးမော်တော်ကားလမ်းမပေါ်နှင့် ဘုရားကြီးရှေ့တွင်တစ်ခုလျှင် ကျပ်၁၅၃၀၀၀၀တန် မုခ်ဦးနှစ်ခု၊ တစ်ခုလျှင် ကျပ် ၂၇၀၀၀၀တန် ရေချမ်းစင်နှစ်ခု၊ တစ်ခုလျှင်ကျပ် ၇၂၀၀၀ တန် မီးဆိုင်း(ဓာတ်တိုင်ပါ)လေးခုနှင့်စေတီတော်အထွတ်မှ မဟာရံတံတိုင်းသို့ တစ်ခုလျှင်ကျပ် ၅၄၀၀၀ တန်ရောင်စုံမီးလုံး ၁၈၀ဖြင့်လေးခု သွယ်တန်းပူဇော်ရန် စီစဉ်ထားရာ လှူဒါန်းလိုသူများ (သို့မဟုတ်) အလှူရှင်များ မိမိအစီအစဉ်နှင့် အဖွဲ့မှသတ်မှတ်သည့်ပုံစံအတိုင်း ဆောက်လုပ်ဝယ်ယူလှူဒါန်းလိုသူများ ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း– ၆၄၀၄၈၇၊ ၆၄၀၄၈၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

စိုက်ပျိုးပူဇော်

ကဆုန်လပြည့်နေ့က ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ညီထွန်း မဟာရွှေမြင်တင် စေတီတော် ပရိဝုဏ်အတွင်း မဟာဗောဓိပင် စိုက်ပျိုးပူဇော်ပေးစဉ်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကျင်းပ

ရန်ကုန် မေ ၂၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပုဇွန်တောင်မြို့နယ်(၂၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို အထက(၁)ပုဇွန်တောင်၌ မေ၂၅ရက်မှ ၂၇ရက်အထိကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ) နှင့်အဖွဲ့ဝင်ဆရာတော်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုနည်းပြတာဝန်ခံဆရာတော်ဘဒ္ဒန္တကုန္တက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်ဥက္ကဋ္ဌဦးဌေးဝင်းနှင့် အတွင်းရေးမှူးဦးထွန်းအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများတက်ရောက်၍ ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ပြင်ဦးလွင်မြို့နယ်မဟာရွှေမြင်တင်စေတီတော်ပရိဝုဏ်အတွင်း မဟာဗောဓိပင်စိုက်ပျိုးပူဇော်

ရန်ကုန် မေ ၂၇

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မဟာရွှေမြင်တင်စေတီတော် ပရိဝုဏ်အတွင်း၌ မဟာဗောဓိပင် စိုက်ပျိုး ပူဇော်ပွဲကို မေ၂၂ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းတွင်ကျင်းပရာ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ညီထွန်းနှင့်ဇနီး၊ တပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မဟာရွှေမြင်တင်စေတီတော် ဘက်စုံပြုပြင်တည်ဆောက်နေမှုလုပ်ငန်း အခြေအနေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပူဇော်

ထို့နောက် စိုက်ပျိုးပူဇော်မည့်မဟာဗောဓိပင်အား စေတီတော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ပြီး မွန်းတည့် ၁၂နာရီတွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ညီထွန်းနှင့် တာဝန်ရှိသူများက မဟာဗောဓိပင်အား သတ်မှတ်နေရာ၌ စိုက်ပျိုးပူဇော်ပေးကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးချမ်းသာကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၂၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ပေပင်ချောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဆောက်လုပ်ပြီးစီးသွားသည့် ပြည်လုံးချမ်းသာကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ၁၃ရက် နံနက် ၉နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ ရေးဦးစွာ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်နှင့်ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်မောင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက ပြည်မြန်မာ သီချင်းကို သီဆိုကြပြီး ရဲမှူးကြီး တင်မောင်မောင်က အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်မောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်း လက်ထောက်တိုင်းပညာရေးမှူး ဦးဘလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်ထံ လွှဲပြောင်းပေးအပ်ပြီး ပေပင်ချောင်ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ပြည်လုံးချမ်းသာ ကျောင်းဆောင်သစ်မှာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက်ကငွေကျပ်သိန်း ၁၆၀နှင့် ဒေသခံပြည်သူများက ငွေကျပ် ၁၄၉၅၀၄၄၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သွေးလှူဒါန်းနိုင်

ရန်ကုန် မေ ၂၇

ဆေးရုံ အသီးသီးရှိ ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ (၈၈)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ဇွန် ၅ရက် နံနက် ၈နာရီခွဲတွင်ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူများ လာရောက်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မေ၂၀ရက်ကပြုလုပ်ရာ ကျောင်းသားကျောင်းသူ၂၄ဦးတို့အတွက် ထောက်ပံ့ ငွေကျပ် ၅၃၅၀၀နှင့် ဗလာစာအုပ် ၁၈ဒါဇင်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဒုတိယဦးစီးမှူးထံ ပေးအပ်စဉ်။ (၁၂၉)

မီး

သတိပြု



မွေးနေ့ဆုမွန်

ဘိုးဘိုး၊ ဘွားဘွားတို့ရဲ့ ချစ်ဆုံး မြေးဦးလေး **မောင်စစ်သွေးဇော်** ၏ ၂၈–၅–၂၀၀၅ရက်တွင် ကျရောက်သော သုံးလပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝနလုံးလှ၍ တိုင်းပြည်နှင့်လူမျိုး၊ သာသနာအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နိုင်သော သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်တောင်းလျက်–

ဘိုးဘိုး – ဗိုလ်ကြီးရဲဝင်း(ငြိမ်း) မြန်မာ့ရုပ်ရှင်လုပ်ငန်း
ဘွားဘွား – ဒေါ်ရီရီအေး
ဦးဦး – ဗိုလ်ကြီးသန်းဇော်ဝင်း
ဦးငယ် – မောင်ဟိန်းဇော်ဝင်း။

ဂုဏ်ယူဝမ်းမြောက်လွှာ

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ
၂၀၀၄ခုနှစ် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် နှစ်ချင်းပေါက်သုံးဆင့်လုံး
တစ်ပြည်လုံး တတိယဆုနှင့်
ရန်ကုန်မြို့ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်
၂၀၀၅ခုနှစ် (၂၂)ကြိမ်မြောက် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင်
နှစ်ချင်းပေါက်သုံးဆင့်လုံး တစ်ပြည်လုံး ပထမဆုရရှိသူ
ဒေါ်ကြူကြူ (ပဲခူး–ဓမ္မဗျူဟာ) အား
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
ဆက်လက်ပြီး သာသနာအကျိုး စွမ်းစွမ်းတမံ
သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်သောညီမများ
လွင်လွင်၊ခင်ခင်ဆွေ၊ပေါက်ပေါက်၊ပုန်းညက်။

အများသိစေရန်သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၃၆နေ ဦးသန်းနိုင် ၁၂/ကတတ(နိုင်)၀၂၃၃၁၈၊ ဦးကျော်စိန် ၁၂/ကတတ(နိုင်)၀၂၃၆၅၂ နှင့် ဦးအောင်ကြည် ၁၂/ကတတ(နိုင်)၀၂၃၃၆၃ ကိုင်ဆောင်သူတို့က အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းရှိ အိုလံပစ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်သော သုမင်္ဂလာအိမ်ရာစီမံကန်းရှိ သုမင်္ဂလာတာဝါ တတိယထပ် အခန်းအမှတ် ၂၀၂သည် အထက်ဖော်ပြပါ ဦးသန်းနိုင်၊ ဦးကျော်စိန်နှင့်ဦးအောင်ကြည်တို့ ညီအစ်ကိုသုံးဦး ဝယ်ယူပိုင်ဆိုင်ထားသည့် အခန်းဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ဖော်ပြပါညီအစ်ကို သုံးဦး၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ပိုင်ဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများတွင် အာမခံတင်သွင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ ဤတားမြစ်ချက်အားမလိုက်နာဘဲ ဆန့်ကျင်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းနိုင်၊ ဦးကျော်စိန်၊ ဦးအောင်ကြည်
အမှတ် ၁၃၆၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

Daw Khin Thawda Aung
English Grammar & Speaking
If three or more learners enroll together for the course, they will be given ten percent discount.
Special Guide for I.E.L.T.S, T.O.E.F.L, G.C.E, SAT
No.51, Kyar Kwet Thit Street, Kyauk Myaung, Tamwe Township, Ph : 556571

Love TEACHING? (For Local Service Only)
A Growing Language School in Yangon Seeks English Teachers (For Young Learners and Young Adults)
Requirements
❖University Degree ❖Good Command of English
❖Experience and Degrees or Dip in English/ E.L.T.(M) (Preferred)
Benefits
❖ Good Salary in Kyats (Based upon Qualification + Experience)
❖ Training (if necessary)
❖ a Copy of Labour Registration Card
Send Your Résumé + Certi + Ref to P.O.Box (842) A.S.A.P.

ရောင်းမည်
(25'×40') 38–လမ်း
Ph : 09-50-20657

ဓာတ်ပုံဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးခြင်း
U.S.A. DIGITAL (A21) (S-4)
(၁)ရက်နေ့မှစ၍

ကချင်ပြည်နယ် ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ရက်က မြစ်ကြီးနားမြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်က ညှိနှိုင်းအစည်းအဝေး ညွှန်ကြားချက်များနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းစဉ်။ (ပြည်နယ်ရဲတပ်ဖွဲ့)

နောင်ချိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရှေ့လုပ်ငန်းများ ညှိနှိုင်းစည်းဝေး၊ အာဟာရကျွေးမွေးလှူဒါန်း

နောင်ချို မေ ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် အာဟာရကျွေးမွေးပွဲကို မေ ၁၃ရက် နံနက် ၁၀နာရီက အသင်းရုံးအဆောက်အအုံတွင်ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်း တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက ရုံးလုပ်ငန်းများ နေ့ချင်းပြီး ဆောင်ရွက်ရေး၊ အသင်းပိုင်ပစ္စည်းများ စနစ်တကျဆက်လက်ထိန်းသိမ်းရေး၊ ရာသက်ပန်အသင်းဝင်အင်အား ရရှိရေး၊ ဗဟိုမှအဆင့်ဆင့်ချမှတ်သည့် လုပ်ငန်းလမ်းညွှန်မှုများကို အလျင်အမြန်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားပြီး ဒေါ်ညိုမိအောင် ခေါင်းဆောင်သော ပညာရေးလုပ်ငန်း၊ ဒေါ်ခင်မျိုးညွန့် ခေါင်းဆောင်သော ကျန်းမာရေးအဖွဲ့နှင့် ဒေါ်စိန်မြို့ ခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းအဖွဲ့ စသည့် အထောက်အကူပြုအဖွဲ့များကို ညှိနှိုင်းဖွဲ့စည်းခဲ့သည်။

ထို့နောက်အလှူရှင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်ဆွေဝင်းက ကလေးနှင့်မိခင် ၁၂၀အား ကြက်သားဆန်ပြုတ်ဖြင့် အာဟာရကျွေးမွေးပြီး သံဓာတ်ပါသည့်ဆေးဝါးများ လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်းမြမြို့နယ်၌သာသနဓဇမဟာသိမ်တော်ကြီးဖွင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း

မြောင်းမြ မေ ၂၅

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ရှမ်းရေကျော်ကျေးရွာတွင် အသစ်ဆောက်လုပ်ပြီးစီးသော သာသနဓဇ မဟာသိမ်တော်ကြီးအား မေ ၂၂ရက် နံနက်က ဒုတိယဝန်ကြီး(ငြိမ်း)ဦးကျော်အေးနှင့် အင်ဂျင်နီယာချုပ်(တံတား) ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရေစက်ချမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြစိမ်းရောင်တောင် ဆရာတော်ကြီးထံမှ နဝင်္ဂသီလတရားတော်ကို ခံယူ တည်ဆောက်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ မြစိမ်းရောင်တောင်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(က-ပ)

ညောင်ရွှေမြို့နယ်မှ ဒေသထွက်သီးနှံများ တာရှည်ခံ ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကျင်းပ

ညောင်ရွှေ မေ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့လင်းရောင်ခြည် အထွေထွေစီးပွားရေး သမဝါယမအသင်းရုံးခန်းမတွင် ဒေသထွက်သီးနှံများ တာရှည်ခံ စားသောက်ကုန်များ ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်၊ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု ဥက္ကဋ္ဌဦးကျော်မြခိုင်နှင့် သမဝါယမဝန်ကြီးဌာန၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မွန်တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စာအုပ်စာပေ လေ့လာဖို့ စာကြည့်တိုက်များ ထူထောင်စို့

အမ်းမြို့တွင် မြို့ရေပေးရေးလုပ်ငန်းများဆောင်ရွက်

အမ်း မေ ၁၃

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် မေ ၉ရက်က အမ်းမြို့ ရေပေးရေးစီမံကိန်းအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးလျက်ရှိသော ရေဂါလန် ၆၀၀၀၀ဆံ့ ပင်မရေလှောင်ကန်သို့ ရေစမ်းသပ်တင်နေမှု အခြေအနေအား စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။(အပေါ်ပုံ)

အမ်းမြို့ ရေပေးရေးလုပ်ငန်းတစ်ခုလုံးအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၅၃၀သိန်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုငွေကျပ် သိန်း ၄၀၀ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ်တွင် ပညာ့အလင်းစာကြည့်တိုက်ဖွင့်

တောင်ကြီး မေ ၁၅

တောင်ကြီးမြို့နယ် စဉ့်ဟယ်ကျေးရွာအုပ်စုတွင် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက်၈ နာရီက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း၊ တောင်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းချိုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရေး ရှင်းလင်းပြောကြားပြီး စာအုပ်မျိုးစုံ ၁၀၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သာပေါင်းမြို့တွင်သာပေါင်း-သမင်ကုန်း ကူးတို့ဆိပ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေသားလမ်းတိုင်းတာခြင်းကို မေ ၂ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၁၉ရက်က ဖျာပုံမြို့နယ် မြို့မဈေးကြီး ဈေးရုံ အမှတ် °(K)ရှေ့တွင် ဆိုင်ခန်းရှေ့မျက်နှာစာ လမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင် ရွက် မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ဒုတိယ ဦးစီးမှူး(ဈေး)တို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၈)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စုပေါင်းရဟန်းခံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

မန္တလေး မေ ၂၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၁၉ရက် နံနက် ၉နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာအမှူး ပြုသော မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းမိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တ အဂ္ဂိယ အမှူးပြုသော ပင့်သံဃာတော်၁၁ပါးနှင့်စည်ပင်သာယာဝန်ထမ်း ရဟန်း၆ပါးတို့အား သိမ်ဆင်းလှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ဆက်လက်၍ အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်းဆရာတော်ဘဒ္ဒန္တအဂ္ဂိယအရှင်သူမြတ်က ရဟန်းတော် ၆ပါးအား ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ဆက်လက်၍ မြို့တော်ဝန် အမှူးပြုသော ဒေါ်ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင် သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တ အဂ္ဂိယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက်မြို့တော်ဝန်အမှူးပြုသော ဒေါ်ပရိသတ်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မိုးထိကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(မန္တလေးမြို့တော်စည်ပင်)**



အမှတ်-၄၅ အေးသိဒ္ဓိလမ်း ရွာမအရှေ့ အင်းစိန်နေ မဆုမြတ်ရွှေဇင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မီးသတ်တပ်ဖွဲ့နေ့စစ်ရေးပြနှင့် စွမ်းရည်ပြပွဲ ပုသိမ်မြို့တွင် ကျင်းပ

ပုသိမ် မေ ၅

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြနှင့် မီးသတ်စွမ်းရည်ပြပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၆နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်းတွင် ကျင်းပရာ အခမ်းအနားတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြည့်ရှုသည်။

<u>ပေးအပ်ချီးမြှင့်</u>

အစီအစဉ်အရ ဂုဏ်ပြုတပ်ဖွဲ့က စစ်ကြောင်းပုံဖြင့်ချီတက် အလေးပြုပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့များ၏အသက်ကယ်စွမ်းရည်သရုပ်ပြသခြင်းနှင့်မီးသတ် လေ့ကျင့်ခန်းများကို သရုပ်ပြသပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့တိုင်း၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မေ ၁၅ရက်က တောင်ငူမြို့နယ်အတွင်းရှိရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောခြင်းနှင့် လက်တွေ့ ဖုံး၊ သွန်၊ လဲ၊စစ်ခြင်းလုပ်ငန်းများကို မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် သူနာပြုဆရာမများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၃၇၂)

မိုးရာသီ ရေစီးရေလာကောင်းမွန်စေရန် ကျောင်းကုန်းမြို့မဈေး၌ ရေနုတ်မြောင်းတူးဖော်

ကျောင်းကုန်း မေ ၂၅

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ခြင်အန္တရာယ် ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ မေ၂၁ရက် နံနက်၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်းအပြင်တစ်လျှောက်ရှိ ရေနုတ်မြောင်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းတူးဖော်ခြင်းကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ခြင်အန္တရာယ် ကင်းဝေးစေရေးအတွက် မြို့မဈေးကြီး၏အတွင်း၊ အပြင်ရှိ ဆိုင်ခန်းများ၊ မုန့်ဈေးတန်းများ၊ ဈေးခေါင်းရုံး၊ မီးသတ်ရေကန်တစ်ဝိုက်တို့တွင် ခြင်များ ခိုအောင်းနိုင်သည့် နေရာများကို ဖယ်ရှားရှင်းလင်းခြင်း၊ ခြင်ဆေးများ ပက်ဖျန်းပေးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)** (၂၆၅)

လင်းခေးမြို့တွင်သစ်ဆိမ့်ဆီကြိတ်ခွဲထုတ်လုပ်

လင်းခေး မေ ၁၅

လင်းခေးမြို့တွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ပထမအကြိမ်သစ်ဆိမ့်ဆီ ကြိတ်ခွဲ ထုတ်လုပ်သည့် အခမ်းအနားကို မေ ၁ ရက် နံနက် ၈ နာရီက လင်းခေးမြို့ မြို့မအနောက်ရပ်ကွက်နေ တောင်သူ ဦးစိုင်းမောင်၏ ဆီကြိတ်စက်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန် မြို့နယ်မှ သစ်တောစိုက်ပျိုးရေးနှင့်မြေစာရင်းဌာနများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုန်ထုတ်လုပ်မှု ကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဒေသခံတောင်သူများနှင့် ဖိတ်ကြားထားသော မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်လေးမြို့နယ်အား ခရိုင်ဥက္ကဋ္ဌက သစ်ဆိမ့်ဆန်များပေးအပ်ရာသက်ဆိုင်ရာမြို့နယ်များက လက်ခံရယူသည်။ ထို့နောက် သစ်ဆိမ့်ဆန်မှသစ်ဆိမ့်ဆီများလက်တွေ့ ကြိတ်ခွဲမှု အဆင့်ဆင့်ကို ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဆားလင်းကြီးမြို့နယ်တွင် စာကြည့်တိုက်များဖွင့် ရေရှည်တည်တံ့ရေးဟောပြော၊ စာအုပ်လှူဒါန်း

ဆားလင်းကြီး မေ ၁၂

ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်လျက်ရှိရာပန်းထူး ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်ဖွင့်ပွဲကို မေ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဦးချိုချိုအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဟောပြောပြီး ဓာတ်ပုံကျွမ်းကျင်(၂)ဦးအောင်သီဟက စာအုပ်မျိုးစုံ ၅၀စီ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပန်းထူးကျေးရွာတွင် ပန်းဖူးငုံစာကြည့်တိုက်၊ ကံကြီးကျေးရွာတွင် ကံ့ကော်ရွှေစာကြည့်တိုက်၊ ဆူလာကျေးရွာတွင် ရောင်ခြည်ဦး စာကြည့်တိုက်တို့ကို ဖွင့်လှစ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေစကြိုမြို့တွင် မီးဘေးလုံခြုံရေးနှင့် ကျန်းမာရေးစစ်ဆေး

ရေစကြို မေ ၂၃

ရေစကြိုမြို့ မြို့မဈေးကြီး အတွင်းအပြင် ပရိဝုဏ်များတွင် မေ၁၆ရက်က ရေစကြို မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇရန်နှင့် ဈေးတာဝန်ခံ ဦးတင်ဝင်းတို့ ဦးဆောင်လျက် နယ်မြေမီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများ၊ ဈေးမိဈေးဖများက မီးဘေးလုံခြုံရေးနှင့် ကျန်းမာရေးများအတွက်စစ်ဆေးကြသည်။ **(၂၅၁)**

မေ ၁၂ ရက်က ကံမ-ကဒူးပြင် ကျေးလက်လမ်းပေါ်ရှိ တံတားများ ခိုင်ခံ့မှု အခြေအနေကို ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးခင်လှိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

✡ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိခဲ့သည့် ဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့် နှစ် (၃၀) ကာလအတွင်းတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နှစ်နိုင်ငံချင်း ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် နှစ်နိုင်ငံဆက်ဆံရေးကို အနာဂတ်ကာလတွင် ပိုမိုမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံ ပြည်သူများ အကျိုးစီးပွားအတွက် လည်းကောင်း၊ အရှေ့တောင်အာရှဒေသတွင်းနှင့် ကမ္ဘာနှင့်အဝန်း ငြိမ်းချမ်းတည်ငြိမ်၊ သာယာဝပြောရေးအတွက်လည်းကောင်း များစွာအကျိုးပြုနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ပါသည်။

အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။ ။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုခိုင်မြဲစေရန် လက်တွဲဆောင်ရွက်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံသို့ပေးပို့သည့်သဝဏ်လွှာ–

အဆွေတော်–

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စားလည်းကောင်း၊ ကျွန်ုပ်အနေဖြင့်လည်းကောင်း အဆွေတော်နှင့်အဆွေတော်မှတစ်ဆင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရထံသို့ လှိုက်လှဲစွာနှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများပို့သလိုက်ပါသည်။

လွန်ခဲ့သည့်နှစ်(၃၀)က သံတမန်ဆက်သွယ်မှုစတင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ နှစ်နိုင်ငံမိတ်ဆွေရင်းချာရင်းနှီးမှုကို ထိန်းသိမ်းနိုင်ခဲ့ကြပါသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အချင်းချင်းဖြစ်စေ၊ အဆင့်အသီးသီးတွင် ဖြစ်စေ၊ အပြန်အလှန်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အခြားအကျိုးတူနယ်ပယ်များတွင် တန်းတူညီမျှရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းအားဖြင့်လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် လက်တွဲကြိုးပမ်းဆောင်ရွက်သွားပါမည်။

လက်ရှိနှစ်နိုင်ငံခေါင်းဆောင်ကြီးများမှ ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့သော မိတ်ဆွေရင်းချာခင်မင်မှုများသည် နောင်လာမည့်နှစ်များတွင် ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါသည်။ ။

ရှိပြီးဆက်ဆံရေး နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုမြှင့်တင်နိုင်မည်ယုံကြည်

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ပေးပို့သည့် သဝဏ်လွှာ–

အဆွေတော်–

ဗီယက်နမ်–မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၃၀)ပြည့်မြောက်သည့် အခါသမယတွင် ဗီယက်နမ်အစိုးရကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာကြောင်း နှုတ်ခွန်းဆက်သပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)အတွင်း နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုများနှင့် မြောက်မြားစွာသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

နှစ်နိုင်ငံ ပြည်သူများ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဘောင်အတွင်းမှ လည်းကောင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဘောင်အတွင်းမှ လည်းကောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများဖြင့် လည်းကောင်း ရှိပြီးဆက်ဆံရေးကို နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဟု စွဲမြဲစွာယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

ညှိနှိုင်းစည်းဝေး

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေး ခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)



နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၇

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ယင်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးလော်ဆင်ကွမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အလုပ်ကျသဘာပတိအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်ဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ မတ် ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလုပ်ကျ သဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံပြန်လည်ကျင်းပသည့် အခါ တင်ပြနိုင်ရေးအတွက် စာတမ်းများရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေးဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**